www.burmeseclassic.com

# အက္ခရာစဉ်ဇယား

ဤကျမ်းပါအကြောင်းရပ်များကို အောက်ပါအက္ခရာစဉ်အတိုင်း စီစဉ်ထားသည်

၁။ အ
၂။ အာ
၃။ အား

၄။ အိ
၅။ အီ
၆။ အီး

၇။ အု
၈။ အူ
၉။ အူး

၁၀။ အေ့
၁၁။ အေ
၁၂။ အေး

**နောက်ပစ် နှင့် ယသတ်**
၁၃။ အဲ့
၁၄။ အယ်
၁၅။ အဲ

၁၆။ အော့
၁၇။ အော်
၁၈။ အော

၁၉။ အို့
၂၀။ အို
၂၁။ အိုး

**ကသတ်**
၂၂။ အက်
၂၃။ အောက်
၂၄။ အိုက်

**ငသတ်**
၂၅။ အင့်
၂၆။ အင်
၂၇။ အင်း

**ငသတ်**
၂၈။ အောင့်
၂၉။ အောင်
၃၀။ အောင်း
၃၁။ အိုင့်
၃၂။ အိုင်
၃၃။ အိုင်း

**စသတ်**
၃၄။ အစ်

**ညကြီးသတ်**
၃၅။ အည့်
၃၆။ အည်
၃၇။ အည်း

**ဉကလေးသတ်**
၃၈။ အဉ့်
၃၉။ အဉ်
၄၀။ အဉ်း

**တသတ်**
၄၁။ အတ်
၄၂။ အိတ်
၄၃။ အုတ်

**နသတ်**
၄၄။ အန့်
၄၅။ အန်
၄၆။ အန်း
၄၇။ အိန့်
၄၈။ အိန်
၄၉။ အိန်း
၅၀။ အုန့်
၅၁။ အုန်
၅၂။ အုန်း

**ယသတ်**
၅၃။ အပ်
၅၄။ အိပ်
၅၅။ အုပ်

**သေးသေးတင် နှင့် မသတ်**
၅၆။ အမ့်
၅၇။ အမ်
၅၈။ အမ်း
၅၉။ အိမ့်
၆၀။ အိမ်
၆၁။ အိမ်း
၆၂။ အုမ့်
၆၃။ အုမ်
၆၄။ အုမ်း

၆၅။ ျ ယပင့်
၆၆။ ြ ရရစ်
၆၇။ ွ ဝဆွဲ
၆၈။ ှ ဟထိုး
၆၉။ ျွ ယပင့် ဝဆွဲ
၇၀။ ြွ ရရစ် ဝဆွဲ
၇၁။ ျှ ယပင့် ဟထိုး
၇၂။ ြှ ရရစ် ဟထိုး
၇၃။ ွှ ဝဆွဲ ဟထိုး
၇၄။ ျွှ ယပင့်ဝဆွဲဟထိုး
၇၅။ ြွှ ရရစ်ဝဆွဲဟထိုး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဖတ်ချင်ဖွယ်ရာအဖြာဖြာ

တခါတရံ ပျင်းပျင်းရှိ၍ စာအုပ်လှန်လိုသောအခါ အောက်ပါ လိုရာအကြောင်းရပ်တို့မှ ဆုရာရွေးနုတ်၍ လေ့လာပါက စာရှုသူသည် အပျင်းလည်းပြေ ဗဟုသုတလည်းပွားပေလိမ့်မည်။ ထိုင်ရာမထဘဲ ကမ္ဘာ့မြို့ကြီး၊ နယ်ကြီး၊ နိုင်ငံကြီးများသို့ရောက်၍ ပုဂ္ဂိုလ်ကျော်များနှင့် ရင်းနှီးကာ ကမ္ဘာ့သမိုင်းကိုလည်း သုံးသပ်ခွင့် ရနိုင်မည့်ပြင် သိပ္ပံပညာ၏ အံ့ဖွယ်ရာအကြောင်းများကိုလည်း သိနားလည်လာပေလိမ့်မည်။ ထိုမျှမက အနုစာပေဂန္ထဝင်များ၏အရသာကိုပါ ထင်ရှားစွာခံစားရမည့်ပြင် အားလပ်ခိုက် အပျင်းဖြေရန်နည်းများလည်း ရရှိပေအံ့။

## ထင်ပေါ် ကျော်ကြားပုဂ္ဂိုလ်များ။


ပဌမဦးဆုံး မြန်မာအမျိုးသမီးသတင်းစာဆရာ .... ၅၃
ခရစ်ယန်သာသနာတွင် အလေးအမြတ်ပြုခြင်း ခံရသော တပည့်တော်ကြီးတပါး ........ ၆၄
နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားကြီးစိန်ဗေဒါ .... ၆၇
သုပဏ္ဏက ဂဠုန်ရာဇာ ........ ၇၉
ကရင်အမျိုးသား ခေါင်းဆောင်ကြီး ........ ၈၃
ရောမအင်ပါယာနိုင်ငံကြီးကိုစတင်တည်ထောင်ခဲ့သူ ၁၄၅
တရုပ်နိုင်ငံသမိုင်း ကျမ်းပြုပုဂ္ဂိုလ်ကျော် ........ ၁၆၀
အစ္စလမ်ဝါဒီတို့၏ ကျက်သရေဆောင်ဘုရင် ........ ၁၉၇
ဂရိလူမျိုး ယထာဘူတပညာရှင် ........ ၂၀၃
စောင်းခြိတ်၍ဝေဖန် ရေးသားတတ်သော ဝတ္ထုရေးဆရာ........ ၂၉၈
အင်းဝခေတ် ရခိုင်အမျိုးသမီးစာဆိုကျော် ........ ၃၇၁


## လောကီထူပွတ်လူတို့ဇာတ်။


ပင်လယ်နေ မြန်မာတိုင်းရင်းသား ........ ၁၂၉
လူမှုစံနစ်၏အခြေခံ ........ ၂၉၆
၁၃ ရာစု ဥရောပအာရှနယ်ခွဲချစ်ပွဲ ........ ၄၄၇


## သစ်ပင်ပန်းမာလ်တိရစ္ဆာန်။


ဘင်းထွက်သောအပင် ........ ၁၆၈
ငါးသေတ္တာလုပ်သောငါး ........ ၁၉၁
မြန်မာ့အသက်သွေးခဲ ........ ၂၆၈
ပိုးမွှားများကိုစားသည့်သစ်ပင် ........ ၂၇၉
တပင်တည်းနှင့်တတောဖြစ်နိုင်သည့်အပင် ........ ၃၇၅
မြေဩဇာလှန်ပေးသောသတ္တဝါ ........ ၄၆၆


## တမြေရပ်ခြားဒေသများ။


အညာဒေသတွင် ဆားချက်သောခရိုင်တခု ........ ၇
ကမ္ဘာပေါ် တွင် အကြီးဆုံးသဲကန္တာရ ........ ၁၃၂
ဘုရင့်အမည်ဖြင့် မှည့်ခေါ် ထားသည့် အာရေဗျနိုင်ငံ ........ ၁၃၃
အင်ဒိုနီးရှားနိုင်ငံတွင် အကြွယ်ဝဆုံးသောကျွန်း .... ၁၅၉
ကမ္ဘာပေါ် တွင် အကြီးဆုံးသောကျောက်မီးသွေးတွင်း ရှိရာဒေသ........ ၂၂၁
တောင်ပိုင်းဗီယက်နမ်နိုင်ငံ၏မြို့တော် ........ ၂၄၈
အမေရိကန်ပြည်ထောင်စု၏ 'ရွှေတံခါးပေါက်'.... ၂၇၇
နိုဗဲဆုပေးသည့်နိုင်ငံ ........ ၂၉၂
နာရီကောင်းထွက်သောနိုင်ငံ ........ ၃၀၄
လာမာရဟန်းမင်း ကြီးစိုးသောတိုင်းပြည် ........ ၄၅၄


## တိကျသိအပ်အရပ်ရပ်။


ခန္ဓာကိုယ်လှုပ်ရှားရေးအတွက် အာဟာရဓာတ် .... ၁၄၈
မြန်မာ့အစဉ်အလာပွဲတော်များ ........ ၁၈၇
ဘုရားပွင့်ရာ၊ ကျွန်းဒီပါ ........ ၃၆၂
ကဇော်ဖောက်ရာတွင်အသုံးပြုသည့်မှိုတမျိုး ........ ၄၀၀


## သုခုမဝင်ကြောင်းစုံလင်။


မင်းတုန်းမင်းလက်ထက်ရောက် ဥရောပတူရိယာ .... ၅၀
ကွန်ရက်နှင့်တူသောအဆင်တန်ဆာ ........ ၃၁၇


## လုပ်ငန်းဆောင်တာအဖြာဖြာ။


သေနင်္ဂဗျူဟာ ........ ၁၈
ခေတ်မှီမသိုးထမင်းမသိုးဟင်း ........ ၂၇
အမာဆုံးသောတွင်းထွက်ရတနာ ........ ၇၁
အမျိုးသမီးတို့၏အိမ်တွင်းလုပ်ငန်းတရပ် ........ ၃၂၀


## သိပ္ပံအံ့ဖွယ်အသွယ်သွယ်။


အသုံးအဝင်ဆုံးသောဂရဲမီးဓာတ် ........ ၁၃၇
သူမပါအရသာမရှိ ........ ၁၃၉
အငယ်ဆုံးသောသက်ရှိရုပ် ........ ၁၉၅
အတုလုပ်ရာ၌အသုံးဝင်သောပစ္စည်း ........ ၁၉၉
လျှော်ဖွပ်စရာ၊ အိမ်သာယာ ........ ၂၈၂


## ပြည်တော်သာရန်အခြေခံ။


မြောက်ဦးမြို့ဟောင်းရှိသောခရိုင် ........ ၁၅
စစ်ပညာပေးရာဌာန ........ ၁၂


## အားလပ်ချိန်ဝယ်ပျော်ရွှင်ဖွယ်။


စည်းချက်ဖြင့်ကိုယ်လက်လှုပ်ရှားခြင်း ........ ၃၀
လျှပ်စစ်ဓာတ်ကိုရှာဖွေရာ၌ အသုံးပြုခဲ့သောကစားနည်း တနည်း ........ ၁၀၂


www.burmeseclassic.com

www.burmeseclassic.com

# ဗဟုသုတစစ်တမ်း

ဤကျမ်းတွင် များစွာသောပြဿနာတို့ကို ဖြေရှင်းထားပေသည်။ စာရှုသူသည် မိမိမည်မျှမှတ်မိ၍ အသိဉာဏ်အခြေ၊ ဗဟုသုတအခြေ မည်မျှကြွယ်ဝနေပြီကို မှတ်ကျောက်တင်ကြည့်ရန် အောက်ပါမေးခွန်းများဖြင့် စစ်တမ်းထုတ်သင့်ပေသည်။ အကယ်၍ အဖြေမပေးနိုင်ရှိအံ့၊ ညွှန်းထားရာစာမျက်နှာတွင် ပြန်လည်ဖတ်ရှုလေ့လာရန် တိုက်တွန်းရပေသည်။


၁။ ရှေးအကျဆုံးကြိုးတပ်တူရိယာကို သိပါသလား။ ........ ........ ........ ........ ........ ၁

၂။ 'သာယာဝိုင်းစစ်ကိုင်းတည်' ဟူသည်ကား အဘယ်နည်း။ ........ ........ ........ ........ ၈

၃။ စစ်တက္ကသိုလ်ကို မည်သည့်ရည်ရွယ်ချက်ဖြင့် တည်ထောင်ကြပါသနည်း။ ........ ........ ........ ၁၂

၄။ စစ်တွေမြို့ကို အဘယ်ကြောင့် 'အကျက်' ဟူ၍ ရှေးကခေါ်သနည်း။ ........ ........ ........ ၁၆

၅။ အနောက်နိုင်ငံစစ်ဘုရင်ကစားနည်းနှင့် မြန်မာစစ်ဘုရင်ကစားနည်း မည်သို့ခြားနားသလဲ။ ........ ၂၂

၆။ 'စိတ်တခုယုတ် ကိုးဆယ်' ဆိုသည်ကို သိပါသလား။ ........ ........ ........ ........ ........ ၃၁

၇။ ဓမ္မပဒဝတ္ထုတော်ကြီးကို မည်သည့်ပုဂ္ဂိုလ်ပြုစုပါသနည်း။ ........ ........ ........ ........ ၅၂

၈။ ဇာတ်မင်းသား ဦးစိန်ကတုံး၏အမည်ရင်းကို သိပါသလား။ ........ ........ ........ ........ ၅၅

၉။ ခေတ်စမ်းစာပေ၏ခေါင်းဆောင်တဦးကား မည်သူနည်း။ ........ ........ ........ ........ ၅၇

၁၀။ ခရစ်တော်၏တပည့်တော်တကျိပ်နှစ်ပါးတို့တွင် အထင်ရှားဆုံးကား အဘယ်သူနည်း။ ........ ........ ၆၃

၁၁။ 'စွယ်စုံကျမ်းဖခင်' ဟု ကျော်စောသောပုဂ္ဂိုလ်ကို သိပါသလား။ ........ ........ ........ ........ ၉၀

၁၂။ စွယ်တော်သမိုင်းကား မည်သို့နည်း။ ........ ........ ........ ........ ........ ........ ၉၇

၁၃။ နေ၏စွမ်းအင်ကို မည်သည့်လူသုံးပစ္စည်း၌ အများဆုံးတွေ့ပါသနည်း။ ........ ........ ........ ၁၀၅

၁၄။ ဆာလဖာဆေးများ၌ မည်သည့်အစွမ်းသတ္တိရှိသနည်း။ ........ ........ ........ ........ ၁၃၆

၁၅။ ဆူးအက်တူးမြောင်းအကြောင်းကို သိလိုပါသလား။ ........ ........ ........ ........ ........ ၁၆၆

၁၆။ ဆေးကုသရာ၌ မည်သည့်အချက်သည် အရေးအကြီးဆုံးဖြစ်ပါသနည်း။ ........... .... ........ ၁၇၁

၁၇။ ဆိုရှယ်လစ်ဝါဒဟူသည် အဘယ်နည်း။ ........ ........ ........ ........ ........ ........ ၂၀၉

၁၈။ ဇာတ်မင်းသမီး ဆင်ခိုးမကလေး၏အမည်ရင်းကို သိပါသလား။ ........ ........ ........ ........ ၂၃၀

၁၉။ ရှင်သာရိပုတ္တရာနှင့်ရှင်မောဂ္ဂလာန်တို့၏ ဓာတ်တော်များကို တူးဖေါ်တွေ့ရှိရာအရပ်ကား အဘယ်နည်း။ ၂၇၅

၂၀။ ဆပ်ကပ်ပွဲဆိုသည်မှာ မည်ကဲ့သို့သောပွဲမျိုးဖြစ်ပါသလဲ။ ........ ........ ........ ........ ၂၈၀

၂၁။ ပုဂံခေတ်တွင် ဆံထုံးနည်း မည်မျှရှိခဲ့သနည်း။ ........ ........ ........ ........ ........ ၂၈၇

၂၂။ တရုပ်သမတနိုင်ငံကို စတင်တည်ထောင်သူအား သိလိုပါသလား။ ........ ........ ........ ........ ၃၀၉

၂၃။ ဇာတာကို မည်သို့ဖွဲ့ရသနည်း။ ........ ........ ........ ........ ........ ........ ........ ၃၁၉

၂၄။ တရားရုံးတွင် ဇာရီလုပ်ခြင်းဟူသည်ကား အဘယ်နည်း။ ........ ........ ........ ........ ၃၂၂

၂၅။ မြန်မာနိုင်ငံတွင် မြတ်စွာဘုရားအကြောင်းဆိုင်ရာကျမ်းဂန်များအနက် အထင်ရှားဆုံးသောကျမ်းကား အဘယ်နည်း။ ........ ........ ........ ........ ........ ........ ........ ........ ၃၂၄

၂၆။ မြတ်စွာဘုရားလက်ထက်က အထင်ရှားဆုံးသောသမားတော်ကြီးကို သိပါသလား။ ........ ........ ၃၂၆

၂၇။ အပင်နှင့်သတ္တဝါတို့၏အကြောင်းကို ဖေါ်ပြသောပညာရပ်ကား အဘယ်နည်း။ ........ ........ ၃၂၈

၂၈။ လေသဘော်ကို ရှေးဦးစွာတည်ဆောက်ခဲ့သူကို သိပါသလား။ ........ ........ ........ ........ ၃၄၆

၂၉။ နာဂတောင်တန်းခရိုင်ရှိနယ်ခြားခံတပ်မြို့ကား အဘယ်နည်း။ ........ ........ ........ ........ ၃၄၇

၃၀။ ဈာန်တရားကို သိလိုပါသလား။ ........ ........ ........ ........ ........ ........ ၃၆၉

၃၁။ ညောင်ရွှေမြို့ကို မည်သည့်နှစ်တွင် တည်ထောင်ပါသနည်း။ ........ ........ ........ ........ ၃၈၁

၃၂။ ဋီကာကျော်ဟူသောအမည်ကို မည်သူကပေးခဲ့သလဲ။ ........ ........ ........ ........ ........ ၃၈၇

၃၃။ ဌာန်ကရိုဏ်းပယတ်ဟူသည်ကို မည်သို့နားလည်သနည်း။ ........ ........ ........ ........ ၃၉၄

၃၄။ 'မြန်မာအစ၊ တကောင်းက' ဟု အဘယ်ကြောင့်ဆိုရိုးပြုကြပါသနည်း။ ........ ........ ........ ၃၉၈

၃၅။ နိုဗဲဆုကိုရသောအိန္ဒိယစာဆိုကြီးကား မည်သူနည်း။ ........ ........ ........ ........ ........ ၃၉၈


www.burmeseclassic.com

www.burmeseclassic.com

| အမည် | နေရပ် | ခတ်ပုံပါ စာမျက်နှာ |
|---|---|---|
| ဦးသာနိုးအောင် | စစ်တွေမြို့ | ၁၅။ ၁၇ |
| ဦးသာမြတ် | ရန်ကုန်မြို့ | အက္ခရာစာလုံးများ |
| ဦးသောဘိတ | စစ်ကိုင်းမြို့ | ၆၃။ ၁၆၃။ ၂၆၅ |
| ဦးသခေါ် | တပ်ကုန်းမြို့ | ၁၅၂။ ၁၅၃ |
| ဦးသောင်းဟန် | မြန်အောင်မြို့ | ၄၄၄ |
| ကိုသန်းထွန်း | ကျောက်ဆည်မြို့ | ၃၄၁ |
| ဒေါ်သန်းမြ | ရန်ကုန်မြို့ | ၅၆ |
| ဒေါ်သန်းမြင့် | ရန်ကုန်မြို့ | ၅၈ |
| ဒေါက်တာ သိမ်းမောင် | ရန်ကုန်မြို့ | ၆၂ |
| ဦးအောင်မြင် | ရန်ကုန်မြို့ | စ၊ ဦး၊ မြဝတီဝန်ကြီး (အတွဲ ၃) |
| ဦးအောင်သိန်း (တိုင်းလုံးကျော်) | ရန်ကုန်မြို့ | ၇၉ |
| ဦးအုန်းခင် | မြန်အောင်မြို့ | ၄၄၅ |
| ဦးအုန်းမြင့် | မန္တလေးမြို့ | ၂၆၆ |
| နယူးပစ်ခတ်ပုံတိုက် | ရန်ကုန်မြို့ | ၆။ ၂၇။ ၂၈။ ၂၉။ ၈၅။ ၁၅၂။ ၁၇၂။ ၂၃၂။ |
| | | ၃၄၉။ ၄၀၄။ ၄၁၃ |
| ဗမာ့လျှပ်စစ်ခတ်ပုံတိုက် | မော်လမြိုင်မြို့ | ၂၈၈ |
| မြ ခတ်ပုံတိုက် | ရွှေကျင်မြို့ | ၂၃၃။ ၃၂၅ |
| မြို့မ ခတ်ပုံကူးတိုက် | ရန်ကုန်မြို့ | ၇၀။ ၃၇၈။ ၄၆၉ |
| ရွှေလူဘရားသား | ရန်ကုန်မြို့ | ၁၈၅ |
| ဝင်းခတ်ပုံတိုက် | မြစ်ကြီးနားမြို့ | ၁၀၈။ ၁၀၉ |
| အီး၊ စီ၊ မဒါး ဘရားသား | ရန်ကုန်မြို့ | ၂၈၃ |
| အင်ပါယာ ခတ်ပုံတိုက် | မေမြို့ | ၂၈၉ |
| အောင်သပြေ ခတ်ပုံတိုက် | ညောင်တုန်းမြို့ | ၃၇၅ |
| ကာကွယ်ရေးဌာန | ရန်ကုန်မြို့ | ၁၄ |
| အုပ်ချုပ်မှုကော်မီတီ၊ ပြည်သူ့စီးကရက်လုပ်ငန်း | ရန်ကုန်မြို့ | ၁၇၉ |
| ဒေါ်ခင်စောမြင့် | ရန်ကုန်မြို့ | ၂၈၂ |
| ဦးသိန်းဥာဏ် | ပေါင်းတည်မြို့ | ၂၂၈ |


www.burmeseclassic.com

www.burmeseclassic.com



ဇွန်လမှ စက်တင်ဘာလအတွင်း သားပေါက်သည်။ အသိုက်မှာ စစ်စလီ၏အသိုက်နှင့်တူသည်။ တမြုံလျှင် ၆ ဥမှ ၇ ဥအထိရှိသည်။ ဥခွံရောင်မှာ ပြူဖွေး၍ချောမွတ်သည်။

**စစ်တလိုင်းငှက်။** ။စစ်တလိုင်းငှက်ကို ချောင်းတလိုင်းဟူ၍လည်းခေါ်သည်။ ထိုငှက်သည် တစ်တီတူးနှင့်အတူ 'ဗင်နယ်လင်နေး' မျိုးရင်းခွဲတွင်ပါဝင်သည်။ ပါဏဗေဒအမည်မှာ 'ဟော့လော့တာရပ်စပိုင်နိုဆပ်ဒျူဗိုးဆဲလီ' ဖြစ်သည်။ အလျား ၁၂ လက်မရှိ၏။ တောင်ပံတွင်ထူးထူးဆန်းဆန်း အတက်ပါရှိသည်။ ထိုအတက်ကို နားနေခိုက်တွင်မတွေ့မြင်ရချေ။ မည်ကဲ့သို့အသုံးချမှန်းလည်း မသိရသေးချေ။



စစ်တလိုင်းငှက်

စစ်တလိုင်း၏အသံမှာ တစ်တီတူး၏အော်သံနှင့်တူသော်လည်း တစ်တီတူးအသံလောက်မစူးရှပေ။ စစ်တလိုင်းသည် သဲထူထပ်သော မြစ်ကမ်းပါးတွင်ကျက်စား၏။ မြစ်ရေကြီးသောအခါတွင် ဥယျာဉ်နှင့်မြက်ခင်းပြင်များသို့ ရွှေ့ပြောင်း၍နေ၏။ ရေကူးကျင်လျင်၏။ ယင်းကိုတောတွင်းရှိချောင်းများတွင်တွေ့ရသည်။

စစ်တလိုင်းငှက်ကလေးများသည် နွေရာသီတွင်ပေါက်ကြသည်။ အသိုက်ကို ကမ်းစပ်သဲမြေတွင်ရင်း၊ ကျောက်စရစ်အကြားတွင်ရင်း၊ ပြုလုပ်လေ့ရှိသည်။ တမြုံလျှင် ၃ ဥမှ ၄ ဥအထိရှိ၏။ ဥမှာ တစ်တီတူးဥနှင့်တူသော်လည်း အနည်းငယ်ပိုရှည်၍၊ အညိုရောင်များသည်။

ထိုငှက်မျိုးကို အိန္ဒိယ၊ မြန်မာ၊ အင်ဒိုချိုင်းနားနိုင်ငံများတွင်တွေ့ရ၏။ မြန်မာနိုင်ငံတွင် မြစ်ချောင်းများ၌ကျက်စားလေ့ရှိသည်။ တခါတရံ တောင်များပေါ်၌တွေ့ရသည်။ မေမြို့ရှိ ရေကန်များ၌လည်း တွေ့ရတတ်သည်။

**စစ်တက္ကသိုလ်(ဗမာ့တပ်မတော်)။** ။ကမ္ဘာပေါ်ရှိ နိုင်ငံအသီးအသီးတွင် ကာကွယ်ရေးအတွက် တပ်မတော်များဖွဲ့စည်းထားရှိကြ၏။ ထိုတပ်မတော်များအတွက် အရာရှိငယ်များမွေးထုတ်ရန် တပ်မတော် ကြည်း၊ ရေ၊ လေဆိုင်ရာ စစ်တက္ကသိုလ်များလည်း တည်ထောင်ထားရှိကြ၏။ ဗမာ့တပ်မတော်တွင် ရည်ရွယ်ရင်းသို့ ရောက်ရှိစေရန် တပ်မတော်ကြည်း၊ ရေ၊ လေသုံးရပ်အတွက် စစ်တက္ကသိုလ်တခုကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်းရှိ ရပ်စောက်မြို့အနီးဗထူးတပ်မြို့၌ တပ်မြို့ဖွင့်လှစ်ခြင်းနှင့်အတူ ဖွင့်လှစ်ခဲ့၏။ (ဗထူးတပ်မြို့—ရှု။) ထို့နောက် ၁၉၅၇ ခုနှစ်ဇွန်လတွင် စစ်တက္ကသိုလ်ကို ဗထူးမြို့မှ မေမြို့သို့ ပြောင်းရွှေ့ခဲ့ရ၏။

ထိုစစ်တက္ကသိုလ်ကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ တပ်မတော်ကြည်း၊ ရေ၊ လေတို့တွင် အနာဂတ်၌ ခေါင်းဆောင်ကြမည့် အရာရှိကောင်းများ ရရှိနိုင်စေရန် ဖြစ်၏။ အခြားစစ်တက္ကသိုလ်များ နည်းတူ ခေတ်စာပေပညာနှင့် စစ်ပညာများကို သင်ပေး၍ ပြည့်ဝသော ဗဟုသုတ ကျယ်ဝန်းသော အမြင်၊ မှုတသော အယူအဆ၊ ကြံ့ခိုင်သော စာရိတ္တ၊ စိတ်ဓာတ်၊ ဇွဲသတ္တိတို့နှင့် ပြည့်စုံ၍ နိုင်ငံတော်သားတယောက် အနေဖြင့်ရင်း၊ စစ်သည်တော်တယောက် အနေဖြင့်ရင်း စည်းကမ်းကောင်းကောင်း၊ သစ္စာရှိရှိ၊ တာဝန်သိသိအထက်မှ ပေးအပ်သမျှသော အမိန့်နှင့် တာဝန်ကို ဦးလည်မသုန် ကျေပြွန်စွာ ထမ်းဆောင်ကြမည့်သူများ ဖြစ်စေရန်မျှော်မှန်း၏။

၁၉၅၃ ခုနှစ် ရန်ကုန် တက္ကသိုလ် (ပြင်ဆင်ချက်) အက်ဥပဒေအရ စစ်တက္ကသိုလ်သည် ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ကောလိပ်ကျောင်း တခု ဖြစ်၏။ စစ်တက္ကသိုလ်သင်တန်းလေးနှစ် ပြီးဆုံးအောင်မြင်သော ဗိုလ်လောင်းသည် တပ်မတော် မြန်တမ်းဝင် အရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်း ခံရပြီးလျှင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ကိုလည်း ရမည် ဖြစ်သည်။

၁၉၆၄ ခုနှစ် တော်လှန်ရေးအစိုးရ၏ တက္ကသိုလ်ပညာရေးဥပဒေသစ်အရ စစ်တက္ကသိုလ်သည် သီးခြား တက္ကသိုလ်အဖြစ်သို့ ရောက်ရှိ၏။ ချီးမြှင့်သော ဘွဲ့ကိုလည်း မူလက ဝိဇ္ဇာ/သိပ္ပံဘွဲ့များအစား "စစ်ပညာသိပ္ပံဘွဲ့" ဟု သတ်မှတ်၏။ သို့ရာတွင် ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာ/သိပ္ပံဟူ၍ ပြန်လည် ပြင်ဆင်ခဲ့၏။ စစ်တက္ကသိုလ်ကို ကာကွယ်ရေးဌာန လေ့ကျင့်ရေးနှင့် စီမံရေး ညွှန်ကြားရေးမှူးက တိုက်ရိုက်အုပ်ချုပ်ပြီးလျှင် စစ်ဖက်လေ့ကျင့်ရေးကိစ္စ အဝဝကိုလည်း ညွှန်ကြား၏။ စစ်တက္ကသိုလ်၏ စစ်သုံးသိပ္ပံပညာရပ်များ သင်ကြားပို့ချမှုကိုလည်း ညှိနှိုင်း သတ်မှတ်ပေး၏။

ဗမာ့တပ်မတော်သည် အမျိုးသား လွတ်မြောက်ရေးတပ်မတော်မှ ပေါက်ဖွားလာပြီးလျှင် အမျိုးသား လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



များ အပြည့်အဝ ပါရှိခဲ့သော တပ်မတော် ဖြစ်သည့် အလျောက် မျက်မှောက် ကာလတွင် ထမ်းရွက်နေရသော တာဝန်များမှာ အလွန်ကျယ်ပြန့်ကြီးမား၏။ ယင်းတာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင် နိုင်ရန်မှာ သမားရိုးကျတပ်မတော်တွင်အရာရှိတဦး၌ရှိအပ်သောအရည်အချင်း အင်္ဂါရပ်များလောက်ဖြင့် မပြည့်စုံ မဖူလုံတော့ပေ။ ပြည်တွင်းရန်နှင့် ပြည်ပရန်ကို ခုခံ ကာကွယ်ရန်ဟူသည့် တခုတည်းသော ရည်ရွယ်ချက် ထားရှိရုံမျှဖြင့်လည်း မပြည့်စုံနိုင်တော့ပေ။ ပြည်သူ၏ အကျိုးစီးပွားကိုပါ ပြည်သူနှင့်လက်တွဲ၍ တည်ဆောက် ကာကွယ်ပေးရမည့် တာဝန်များကိုပါ ထမ်းဆောင်ကြရန် ဖြစ်၏။ ထို့ကြောင့် "စစ်တက္ကသိုလ်ထွက်အရာရှိများသည် ဗမာ့တပ်မတော်တွင် လိုအပ်သော လက်ရုံးရည်နှင့် နှလုံးရည် စွယ်စုံပြည့်ဝသည့် အမာခံ ခေါင်းဆောင်များ ဖြစ်စေရမည်။ နိုင်ငံအရေးအရာပညာ၊ သဘောတရားလည်း ပြည့်ဝ စေရမည်။ အထွေထွေ ဗဟုသုတနှင့် ပြည့်ဝလျက် မျက်မှောက်ရေးရာလူမှုရေးရာပညာများတတ်မြောက်ရမည်။ စာပေပညာအနေနှင့် အခြေခံ သိပ္ပံဘာသာရပ်များကို သိပ္ပံအဆင့်ထက် မနိမ့်သော အဆင့်တွင် တတ်မြောက်ကျွမ်းကျင်ပြီးလျှင် မိမိတို့၏ စစ်မှုထမ်းသက်အတွင်း တာဝန်ကျရောက်မည့် စစ်ဖက် မြို့ပြဖက် အလုပ်ခွင်၌ ထိုပညာများကို အသုံးချနိုင်စေရမည်။ စစ်ပညာကိုလည်း အရာရှိကောင်း တယောက်အနေနှင့်တပ်စုမှူး အဆင့်တွင် ဝင်ရောက်အမှုထမ်း တာဝန်ယူနိုင်မည့် အဆင့်ထိ လေ့ကျင့်ပြီး ဖြစ်ရမည်သာမက ပြည်သူ့စစ်၏ သဘောတရားများနှင့် သမားရိုးကျ စစ်၏ အကြောင်းချင်းရာများကိုလည်း တတ်သိနားလည်စေရမည်။ အနာဂတ်တွင် ယင်းတို့၏ ထိုးထွင်းဉာဏ်ဖြင့် ဆက်လက်၍ အဆင့်မြင့်သော စစ်ဖက်ပညာများကိုတိုးတက်လေ့လာလိုသည့် စိတ်ဓာတ်ကိုပါ မွေးမြူပေးရမည်" ဟူ၍ ပိုမိုကျယ်ဝန်းလေးနက်သော ရည်မှန်းချက် အသစ်ကို ပြန်လည် သတ်မှတ်ထား၏။


ကောင်းကင်ကြိုး မျဉ်းပြိုင် ဖြတ်ကူးလေ့ကျင့်စဉ်

စစ်တက္ကသိုလ်တွင် စာပေ ပညာ ဘာသာရပ်ကို သင်ကြားလေ့ကျင့်ရာ၌ ခေတ်မှီ တပ်မတော်တွင် တကယ်တန်း လက်တွေ့ လိုအပ်မည့် အခြေခံ သိပ္ပံပညာရပ်များကိုင်း၊ တပ်မတော် ကြည်း၊ ရေ၊လေ လက်ရုံးဝန်ထမ်းတပ်အသီးအသီးတွင် သုံးစွဲလျက်ရှိသော ခေတ်မှီ လက်နက်ကရိယာ တန်ဆာပလာများကို ကျွမ်းကျင်စွာ ကိုင်တွယ် အသုံးပြုနိုင်ရေးအတွက် စစ်သုံး သိပ္ပံဘာသာရပ်များကိုင်း၊ အထွေထွေ ဗဟုသုတများနှင့် ပြည့်ဝလျက် ကျယ်ဝန်းသော အမြင်၊ မျှတသော အယူအဆများရှိစေရန် မျက်မှောက်ရေးရာ၊ လူမှုရေးရာနှင့် နိုင်ငံအရေးအရာ ပညာရပ်များကို လူမှု သိပ္ပံဘာသာရပ်အနေဖြင့်ရင်း ဦးစားထား၍ သင်ကြားပို့ချပေး၏။ စစ်ပညာနှင့် စပ်လျဉ်း၍ အရာရှိငယ်များအဖို့ လိုအပ်သော တပ်မတော်၏ အစဉ်အလာများကိုင်း၊ သမားရိုးကျစစ်နှင့် ပြည်သူ့စစ်အတွက် သင်ကြားလေ့ကျင့်မှုကိုင်း၊ ယေဘုယျ စစ်အခြေခံသဘောတရားများကိုင်း စစ်တက္ကသိုလ်သင်တန်းနှစ်အလိုက် ပိုင်းခြားကာ စာပေ ပညာသင်ကြားမှုနှင့် အတူ သုံးနှစ်ခွဲ ကာလအတွင်း လေ့ကျင့်ပေး၏။ စစ်တက္ကသိုလ် သင်တန်းမပြီးဆုံးမီ နောက်ဆုံးခြောက်လတွင် တပ်စုတစုကို ပိုင်နိုင်စွာ ကွပ်ကဲ ခေါင်းဆောင်၍ တိုက်ပွဲဝင်နိုင်သော တပ်စုမှူးကောင်းတဦး ဖြစ်စေရန် လေ့ကျင့်ပေး၏။

စစ်တက္ကသိုလ် ကျောင်းဆင်း အရာရှိများသည် တာဝန်ကို လက်တွေ့ ထမ်းဆောင်ရာတွင် ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝသော သစ္စာအဓိဋ္ဌာန်ဖြင့် တိုင်းပြည်လူမျိုးတပ်မတော် အတွက် ဦးလည်မသုံ ဦးဆွေးဆံမြေ့ ထမ်းရွက်ကြရပေမည်။ ပြည့်ဝသော သဘောတရား အမြင်ဖြင့် လွတ်လပ်သော အချုပ် အခြာ အာဏာပိုင်ဆိုင်မှု၊ အများ ပြည်သူတို့၏ အကျိုးစီးပွား၊ အသက် အိုးအိမ် စသည်တို့ကို သက်စွန့်ကြိုး

www.burmeseclassic.com



သော အာရုံခြောက်ပါးအားလျော်စွာသာ ဖြစ်ကြကုန်၏။ ရူပါရုံကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်၏။ သဒ္ဒါရုံကြောင့် သောတဝိညာဏ်စိတ်ဖြစ်၏။ ဂန္ဓာရုံကြောင့် ဃာနဝိညာဏ်စိတ်ဖြစ်၏။ ရသာရုံကြောင့် ဇိဝှာဝိညာဏ်စိတ်ဖြစ်၏။ ဖောဋ္ဌဗ္ဗာရုံကြောင့် ကာယဝိညာဏ်စိတ်ဖြစ်၏။ ဓမ္မာရုံကြောင့် မနောဝိညာဏ်စိတ်ဖြစ်၏။ စက္ခုဝိညာဏ်စိတ် စသည်တို့ဖြစ်သောအခါ အာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုန်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံစသောစိတ်တို့သည် အစဉ်အတိုင်းဖြစ်ကုန်၏။ အာဝဇ္ဇန်းသည် စက္ခုဝိညာဏ်၏အာရုံကိုဆင်ခြင်၏ ။ သမ္ပဋိစ္ဆိုန်းသည် ထိုအာရုံကိုခံယူ၏။ သန္တီရဏသည် ထိုအာရုံကိုစူးစမ်း၍၊ ဝုဋ္ဌောသည် ထိုအာရုံကို ပိုင်းခြားဝေဖန်ပြီးလျှင်၊ ဇောသည် ထိုအာရုံ ကောင်းသည်မကောင်းသည်ကို လျင်မြန်စွာသိ၍၊ တဒါရုံသည် ထိုဇော၏အသိကို အတည်ပြု၏။

ထိုစက္ခုဝိညာဏ်စိတ်မှသည် ကာယဝိညာဏ်စိတ်အထိ ငါးပါးတို့သည် ကောင်းသောဣဋ္ဌာရုံကို တွေ့မြင်သောအခါ၊ ကုသလဝိပါက်စက္ခုဝိညာဏ်စသည်ဖြစ်၍၊ မကောင်းသောအနိဋ္ဌာရုံကိုမြင်သောအခါ၊ အကုသလ ဝိပါက်စက္ခုဝိညာဏ်စသည်ဖြစ်၏။

စိတ်သည် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဟူ၍ ရှိရာ၊ကုသိုလ် အကုသိုလ်စိတ်သည် ဆန်းကြယ်သောအကြောင်းစိတ်ဖြစ်၏။ ဝိပါက်စိတ်သည် အကျိုးစိတ်ဖြစ်၏။ ကြိယာစိတ်ကား အကြောင်းအကျိုးဟု မဆိုရသော ပြုကာမတ္တစိတ်ဖြစ်၏။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းအလိုအားဖြင့် 'စိတ်တခုယုတ်ကိုးဆယ်၊ အကျယ်တရာ့နှစ်ဆယ့်တပါး' ရှိသည်ဟု အချုပ်အားဖြင့်အမှတ်အသားပြုကြသည်။ စိတ်ကိုသရုပ်ခွဲရာ၌ လောကီစိတ်၊ လောကုတ္တရာစိတ်ဟူ၍ နှစ်မျိုးပြားနိုင်၏။ ကာမစိတ် ၅၄ ပါးနှင့် မဟဂ္ဂုတ်စိတ် ၂၇ ပါးတို့ပေါင်းသော်၊လောကီစိတ် ၈၁ ပါးရ၏။ သောတာပတ္တိမဂ်စသော စိတ် ၈ ပါးသည် လောကုတ္တရာစိတ်ဖြစ်၏။ လောကီစိတ်နှင့်လောကုတ္တရာစိတ်တို့ကို နှစ်ရပ်ပေါင်းသော် စိတ် ၈၉ ပါးဖြစ်၏။

တနည်းအားဖြင့်သရုပ်ခွဲသော်၊မတင့်တယ်သော အသောဘဏစိတ်နှင့် တင့်တယ်သော သောဘဏစိတ်ဟူ၍ နှစ်မျိုးရပြန်သည်။ အကုသိုလ်စိတ် ၁၂ ပါး၊ အဟိတ်စိတ် ၁၈ ပါး၊ ပေါင်း ၃၀ သောစိတ်တို့သည် အသောဘဏစိတ်မည်၏။ ကာမာဝစရစိတ် ၂၄ ပါး၊မဟဂ္ဂုတ်စိတ် ၂၇ ပါး၊လောကုတ္တရာစိတ် ၈ ပါး၊ပေါင်း ၅၉ ပါးသည် သောဘဏစိတ်မည်၏။ အသောဘဏနှင့် သောဘဏစိတ် နှစ်ရပ်ပေါင်းသော် စိတ် ၈၉ ပါးဖြစ်၏။

တဖန်တုံလည်း၊ စိတ်ကို ကာမဘုံ၌အဖြစ်များသော ကာမစိတ် ၅၄ ပါး၊ကာမစိတ်ထက်မြတ်သော မဟဂ္ဂုတ်စိတ် ၂၇ ပါး၊လောကမှလွန်မြောက်သော လောကုတ္တရာစိတ် ၈ ပါး၊ ပေါင်း ၈၉ ပါးဟုလည်းသရုပ်ခွဲနိုင်သည်။ ကာမစိတ် ၅၄ ပါးတို့တွင် မကောင်းသောအကုသိုလ်စိတ် ၁၂ ပါး၊အရင်းအမြစ်ဟိတ်မရှိသော အဟိတ်စိတ် ၁၈ ပါး၊ကာမဘုံ၌အဖြစ်များသော ကာမာဝစရစိတ် ၂၄ ပါးတို့ပါဝင်၏။

အကုသိုလ်စိတ် ၁၂ ပါးဟူသည်ကား၊လောဘအရင်းခံဖြစ်သော လောဘမူစိတ် ၈ ပါး၊ဒေါသအရင်းခံဖြစ်သော ဒေါသမူစိတ် ၂ ပါး၊မောဟအရင်းခံဖြစ်သော မောဟမူစိတ် ၂ ပါး၊ ပေါင်း ၁၂ ပါးဖြစ်၏။

အကုသလဝိပါက်စိတ် ၇ ပါး၊ကုသလဝိပါက်စိတ် ၈ ပါး၊ ကြိယာစိတ် ၃ ပါး၊ပေါင်း ၁၈ ပါးသည် အဟိတ်စိတ်မည်၏။

ကုသိုလ်စိတ် ၈ ပါး၊ဝိပါက်စိတ် ၈ ပါး၊ကြိယာစိတ် ၈ ပါး၊ ပေါင်း ၂၄ ပါးသည် ကာမာဝစရစိတ်မည်၏။

မဟဂ္ဂုတ်စိတ်သည် ရူပဘုံ၌ အဖြစ်များသော ရူပါဝစရစိတ် ၁၅ ပါး၊ အရူပဘုံ၌အဖြစ်များသော အရူပါဝစရစိတ် ၁၂ ပါး၊ ပေါင်း ၂၇ ပါးရှိ၏။ ကုသိုလ် ၅ ပါး၊ဝိပါက် ၅ ပါး၊ ကြိယာ ၅ ပါး၊ ပေါင်း ၁၅ ပါးသည် ရူပါဝစရစိတ်ဖြစ်၏။ ကုသိုလ် ၄ ပါး၊ဝိပါက် ၄ ပါး၊ကြိယာ ၄ ပါး၊ပေါင်း ၁၂ ပါးသည် အရူပါဝစရစိတ်ဖြစ်၏။

လောကုတ္တရာစိတ် ၈ ပါးကား၊ ကိလေသာကိုသတ်သော မဂ်စိတ် ၄ ပါးနှင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ် ၄ ပါးတို့ဖြစ်၏။ မဂ်စိတ် ၄ ပါး၌သောတာပတ္တိမဂ်၊သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူ၍ပါဝင်ကြ၏။ ဖိုလ်စိတ် ၄ ပါး၌ သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဟူ၍ပါဝင်ကြ၏။သောတာပတ္တိသည် အရိယာမဂ်အယဉ်သို့ ရှေးဦးစွာ ဆိုက်ရောက်ခြင်းဖြစ်သည်။ သကဒါဂါမိသည် လူ့ပြည်၌တကြိမ်သာဖြစ်ခွင့်ရှိခြင်းတည်း။ အနာဂါမိကား လူ့ပြည်၌ဖြစ်ခွင့်မရှိခြင်းတည်း။ အရဟတ္တမှာမူ ကိလေသာကို အကြွင်းအကျန်မရှိ သတ်ဖြတ်ခြင်း (ရဟန္တာဖြစ်ခြင်း)တည်း။

လောကုတ္တရာစိတ်သည် အကျဉ်းအားဖြင့် ၈ ပါးသာရှိသော်လည်း၊ အကျယ်အားဖြင့် ၄၀ အပြားရှိ၏။ အကျယ်ပွားလျှင် မဂ်စိတ် ၄ ပါးနှင့်ဖိုလ်စိတ် ၄ ပါးတို့သည် ဈာန်အားဖြင့် တခုလျှင် ၅ ပါးစီပွားနိုင်သောကြောင့် မဂ်စိတ် ၂၀၊ ဖိုလ်စိတ် ၂၀ ရနိုင်၏။ ယင်းစိတ် ၄၀ သည် လောကုတ္တရာစိတ် အကျယ် ၄၀ ဖြစ်သတည်း။ ထိုလောကုတ္တရာစိတ် ၄၀ ကို မူလက လောကီစိတ် ၈၁ ပါးနှင့် ပေါင်းသော် ၁၂၁ ပါးဖြစ်၏။

ထိုစိတ်တို့သည် လူသတ္တဝါတိုင်း၌ အကုန်လုံးဖြစ်ကြသည် မဟုတ်၊ အသီးသီးပုဂ္ဂိုလ်အလိုက်သာဖြစ်ကြကုန်၏။ ပုထုဇန်လေးယောက်တို့တွင် အပါယ်ဘုံသား တိရစ္ဆာန်များဖြစ်သော ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်သည် အကုသိုလ်စိတ် ၁၂ ပါး၊



www.burmeseclassic.com

www.burmeseclassic.com



ဟာသိတုပ္ပါဒ်မှုကြွင်းသော အဟိတ်စိတ် ၁၇ ပါး၊ကာမာဝစရစိတ် ၈ ပါး၊ပေါင်း ၃၇ ပါးသော စိတ်ကိုသာရနိုင်၏။ ဖြစ်နိုင်၏။ ဝမ်းတွင်းက ဆွံ့အ ကျိုးကန်း နားပင်းလာသောသူတို့နှင့် အစိမ်းသူရဲ စသော သုဂတိအဟိတ်ပုဂ္ဂိုလ်သည် အထက်ပါ ၃၇ ပါးသောစိတ်တို့နှင့်တကွ၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄ ပါးအားဖြင့်၊ ၄၁ ပါးသောစိတ်တို့ကို ရနိုင်၏။ ဖြစ်နိုင်၏။ အလောဘ၊ အဒေါသဟိတ် ၂ ပါးရှိသော ဒွိဟိတ်ပုဂ္ဂိုလ်သည်လည်း ထိုအတူပင် ၄၁ ပါးသော စိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃ ပါးရှိသော တိဟိတ်ပုဂ္ဂိုလ်သည် ယင်း ၄၁ ပါးသောစိတ်နှင့် တကွ၊ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄ ပါးပါ၊ပေါင်း ၄၅ ပါးသောစိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။ ဉာဏသမ္ပယုတ်မှာ ဉာဏ်နှင့်ယှဉ်ခြင်းဖြစ်၍၊ ဉာဏဝိပ္ပယုတ်မှာ ဉာဏ်နှင့်မယှဉ်ခြင်းဖြစ်၏။

အရိယာပုဂ္ဂိုလ်လေးယောက်တို့တွင် သောတာပန် အရိယာပုဂ္ဂိုလ်သည် ယင်း ၄၅ ပါးသောစိတ်တို့တွင် ဒိဋ္ဌိနှင့်ယှဉ်သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄ ပါး၊ ဝိစိကိစ္ဆာနှင့်တကွဖြစ်သော ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ပါး၊ပေါင်း ၅ ပါးသော စိတ်တို့ကိုဖယ်၍၊ သောတာပတ္တိဖိုလ်စိတ် တပါးကိုထည့်၍၊ ၄၁ ပါးသောစိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။ သကဒါဂါမ်အရိယာပုဂ္ဂိုလ်သည် သောတာပန်အရိယာပုဂ္ဂိုလ်ရသော စိတ် ၄၁ ပါးတွင် သောတာပတ္တိဖိုလ်စိတ်နေရာ၌ သကဒါဂါမိဖိုလ်စိတ်ကိုထည့်၍ ၄၁ ပါးသောစိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။ အနာဂါမ်အရိယာပုဂ္ဂိုလ်သည် ထို ၄၁ ပါးသော စိတ်တို့တွင် ဒေါသမူစိတ် ၂ ပါးကိုဖယ်၍၊ အနာဂါမိဖိုလ်စိတ်ကိုထည့်၍၊ ၃၉ ပါးသောစိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။ အရဟတ္တဖိုလ်ရဟန္တာပုဂ္ဂိုလ်သည် ကာမဝိပါက်စိတ် ၂၃ ပါး၊ ကာမကြိယာစိတ် ၁၁ ပါး၊ အရဟတ္တဖိုလ်စိတ် ၁ ပါးအားဖြင့် ပေါင်း ၃၅ ပါးသော စိတ်တို့ကိုရနိုင်၏။ ဖြစ်နိုင်၏။

အထက်ပါတို့ကား မြတ်စွာဘုရားဟောကြားတော်မူအပ်သောအဘိဓမ္မာနည်းအရ၊ စိတ်ကို သရုပ်ခွဲ၍ပြခြင်းဖြစ်၏။ အနောက်နိုင်ငံ၏ အယူအဆမှာ အောက်ပါအတိုင်းဖြစ်၏။

စိတ်အကြောင်းနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံ စိတ်ပညာရှင်များသည် ယခုတိုင်သဘောကွဲလွဲလျက်ရှိကြ၏။ ရှေးက စိတ်ပညာရှင်များသည် စကြာဝဠာကြီးတွင် ရုပ်နှင့်နာမ်ဟူ၍ နှစ်မျိုးသာရှိသည်ဟုယူဆခဲ့ကြ၏။ ရုပ်မှာမြင်နိုင် ထိတွေ့နိုင်၍ အလေးချိန်ရှိသည်။ ဒြပ်ရှိသည်။ နာမ်မှာ လူ၏ကိုယ်တွင်း၌ရှိ၍ ဒြပ်မရှိ၊ အလေးချိန်မရှိ၊ မမြင်နိုင်၊ မထိတွေ့နိုင်ဟုဆိုလေသည်။ စိတ်(နာမ်)တွင် အခန်းအမျိုးမျိုးရှိ၏။ ဆန္ဒ၊ ဆင်ခြင်တုံတရား၊ မှတ်ဉာဏ်၊ စဉ်းစားဉာဏ် စသည်တို့ပါဝင်၍၊ ခန္ဓာကိုယ်၏ ကြွက်သားအား လေ့ကျင့်ပေးခြင်းဖြင့် တိုးတက် ရင့်သန်လာနိုင်စေသည့်နည်းတူ စိတ်ကိုလည်း လေ့ကျင့်ပေး၍ရသည်ဟုယူဆကြ၏။ မှတ်ဉာဏ်ကို တိုးတက်စေလိုလျှင် များများမှတ်ခိုင်းခြင်း၊ စိတ်ဆန္ဒ၏ တန်ခိုးကို တိုးတက်စေလိုလျှင်၊ မလုပ်လိုသောအလုပ်ကို တမင်လာလုပ်ခိုင်းခြင်းစသဖြင့် ဆိုင်ရာဆိုင်ရာလေ့ကျင့် ခန်းများပေး၍ စိတ်၏သတ္တိကို တိုးတက်အောင် လုပ်နိုင်သည်ဟုဆိုသည်။

စိတ်ပညာနှင့် ယထာဘူတပညာရှင်အချို့တို့ကမူ စိတ်မှာ စိတ်ကူးဉာဏ်၊ မှတ်ဉာဏ်၊ အာရုံခံစားနိုင်သောအသိနှင့် စိတ်လှုပ်ရှားမှုတို့စုပေါင်းနေသောအရာမျှသာဖြစ်သည်ဟုဆို၏။ အသိစိတ်သည် အာရုံပြုသောအရာကိုသာ သိသည်မဟုတ်၊ အာရုံမပြုသောအရာများကိုလည်း အမှတ်မထင်သိနေတတ်သည်။ ယင်း အသိစိတ်နားတွင် မွေးကတည်းက ရရှိလာသော အတွေ့အကြုံမှ ဖြစ်ပေါ်လာသည့် အသိဉာဏ်များစုဝေးတည်ရှိနေ၏။ စိတ်ကူးသစ်၊ အသိဉာဏ်သစ် တခုခုဝင်လာတိုင်း အသိဉာဏ်ဟောင်း၊ စိတ်ကူးဟောင်းများက ကောင်းစွာလက်ခံ၍၊လှုပ်ရှားလာကြ၏။ အဓိပ္ပါယ်မှာ စိတ်သည် ရင့်သန်တိုးတက်၍ အမြဲမပြတ်နေထားတကျရှိအောင် ယင်းအတွင်းရှိ အသိဉာဏ်အယူအဆများကို ပြန်လည်စီစဉ်နေရသည်ဟုဆိုလေသည်။ အချို့စိတ်ပညာရှင်တို့က စိတ်သည် ခန္ဓာကိုယ်စုပေါင်း၍ ဖြစ်ပေါ်လာသော အရာတခုဟူယူဆကြ၏။ ဟိုက်ဒရိုဂျင်ဓာတ်နှင့် အောက်ဆီဂျင်ဓာတ်ပေါင်းလိုက်ခြင်းဖြင့်၊ ဓာတ်မဟုတ်၊ စွတ်စိုသော အရာသစ်တခုဖြစ်သော ရေဖြစ်ပေါ်လာသကဲ့သို့၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် လုံးဝခြားနားသော အဖြစ်သစ်တည်းဟူသောစိတ် ဖြစ်ပေါ်လာသည်ဟုဆိုလေသည်။

စိတ် နှင့် ရုပ်တို့ လက်တွေ့ခွဲခြားရန် မဖြစ်နိုင်သည်ကို လူတိုင်းအသိပင်ဖြစ်ပေသည်။ စိတ်သည် ကိုယ်ကိုလှုပ်ရှားစေနိုင်၏။ စိတ်ဆုံးဖြတ်၍ ကြွက်သားများကို နှိုးဆွလိုက်မှသာ ကိုယ်သည်ရွေ့ရှား၏။ လူတို့၏အပြုအမူမှန်သမျှတွင် စိတ်နှင့်ဆိုင်သော အပိုင်း၊ ကိုယ်နှင့်ဆိုင်သော အပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းပါရှိရလေသည်။ ပုံစံအားဖြင့် လူတို့သည် ရွှင်ပျသောအခါ ပြုံးကြ၏။ စိတ်ဆိုးသောအခါ မျက်မှောင်ကြုတ်၏။ ကြောက်ရွံ့သောအခါ တုန်လှုပ်၏။ ထို့ကြောင့်ပင် ခေတ်သစ်ဆရာဝန်များက စိတ်မချမ်းသာဖြစ်ခြင်းကြောင့် နှလုံးရောဂါ၊ ဝမ်းနာရောဂါ၊ ဆီးအိမ်ရောဂါနှင့် အခြားရောဂါဆိုးများဖြစ်ပေါ်လာနိုင်သည်ဟုဆို၏။ သာယာသောတူရိယာသံကို နားဆင်ရခြင်းဖြင့် ကုန်ထုတ်လုပ်ရာ ရုံကြီးများတွင် အလုပ်တွင်ကျယ် ပြီးစီးခြင်း၊ နှစ်လိုဖွယ်သောပတ်ဝန်းကျင်ကြောင့် အစားအစာစားသောက်လိုသောဆန္ဒပေါ်ပေါက်ခြင်း၊ အစာကြေလွယ်ခြင်း စသည်တို့ကား စိတ်နှင့် ပတ်ဝန်းကျင်ဆက်စပ်နေသည်ကိုဎင်း၊ စိတ်နှင့် ကိုယ်တို့ဆက်စပ်နေသည်ကိုဎင်း၊ ပြဆိုသော သာဓကများဖြစ်သည်ဟုဆိုသည်။ (စိတ်ပညာ — ရှ။)

www.burmeseclassic.com



တီရစ္ဆာန်သတ္တဝါအပေါင်း၏ အသက်တမ်းများ အကြောင်း၊ နေကြတ် လကြတ် တွက်ချက်ခြင်း အကြောင်း၊ ဝါထပ်ရက်ငင်ကို ပြသော ပြက္ခဒိန် ချုပ် အကြောင်းစသည့် လောကီပညာဗဟုသုတတို့ ပါဝင်လေသည်။


### ပညာ့တံခွန်အသင်း

အဆိုပါ စွယ်စုံကျမ်း တို့သည် မြန်မာလူမျိုးတို့၏ ရိုးရာအလိုက် လောကီ လောကုတ္တရာ နှစ်ဖြာသော ဗဟုသုတ စွယ်စုံတို့ကိုဖော်ပြရာကျမ်းများဖြစ်သည်မှန်၏။ သို့သော် လောကခေတ် ပညာ ထွန်း ကား သော ခေတ် တွင် ဝိဇ္ဇာ နှင့် သိပ္ပံပညာဆိုင်ရာ စွယ်စုံဗဟုသုတတို့ကို လိုအပ်လှပေသည်။ ထို့ကြောင့် ဒုတိယ ကမ္ဘာစစ် အတွင်းဖြစ်သော ၁၉၄၂–၄၅ ခုနှစ်များအတွင်းတွင် ပညာ့တံခွန်အသင်းဟူ၍ပေါ် ပေါက်ခဲ့လေသည်။ ထိုအသင်း၏လုပ်ငန်းများအနက် အဘိဓာန်ပြုစုရေးနှင့် စွယ်စုံကျမ်း ပြုစုရေး သည် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်း စေနိုင်သော လုပ်ငန်းနှစ်ရပ်ဖြစ်လေသည်။ အဘိဓာန်ပြုစုရေးကို ယခုအခါ ရန်ကုန်တက္ကသိုလ် ဘာသာပြန်ဌာနတွင် ဌာနမှူးဖြစ်သော ဦးဝန်က တာဝန်ယူ၍လုပ်ဆောင်ပြီးလျှင်၊ စွယ်စုံကျမ်း ပြုစုရေးကို သူကြီး ဂေဇက် ဦးခင်မောင်ကတာဝန်ယူခဲ့ရသည်။ (ခင်မောင်၊ ဦး — ရှု။) ပညာ့တံခွန် အသင်း၏ လုပ်ငန်းတို့မှာ စစ်ဖြစ်ဆဲ ကာလ အတွင်း လုပ်ရသည်ဖြစ်ရာ၊ မူလက ရန်ကုန်မြို့ကို လုပ်ငန်းတည်ရာဌာနအဖြစ်ဖြင့်ထားရှိခဲ့သော်လည်း၊ စစ်၏ဘေးဒဏ်ပြင်းထန်လာသောအခါ၊ ရန်ကုန်မြို့မှ ကွမ်းခြံကုန်းမြို့သို့ ရွှေ့ပြောင်းခဲ့ရလေသည်။ ထိုစဉ်က ပြုစုခဲ့သော စွယ်စုံရပ်ဆိုင်ရာစာမူတို့မှာ စစ်ဘေးစစ်ဒဏ်ကြောင့်ပျောက်ပျက်သွား၏။

### မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍၊ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အချာ အာဏာပိုင်နိုင်ငံ ဖြစ်လာသည်နှင့် တပြိုင်နက် အဝိဇ္ဇာ တည်း ဟူ သော အ မှောင် ကို ခွင်း ၍၊ ပညာတည်းဟူသော အလင်းရောင်ကို မြန်မာနိုင်ငံသား တို့အားပေးရမည့် တာဝန်သည် အဓိကတာဝန်ဖြစ်သည်ဟု ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၌အကြံရှိလာ၏။ ထို့ကြောင့် ဝန်ကြီးချုပ်၏ဆော်ဩချက်အရ၊ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကိုတည်ထောင်ခဲ့ကြလေသည်။ (မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း — ရှု။) ထိုအခါ အသင်း၏ဥက္ကဋ္ဌဖြစ်သူ ဝန်ကြီးချုပ် ဦးနုကပင်၊ မြန်မာနိုင်ငံ၌ တိုင်းကြီးပြည်ကြီးများနည်းတူ စွယ်စုံကျမ်းတစောင်ရှိသင့်လှ သည်ဟု အကြံပေးသောကြောင့်၊ ယခုကျွန်ုပ်တို့ပုံနှိပ်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းသည် ဖြစ်မြောက် လာခဲ့လေသည်။ ဦးနု၌ စွယ်စုံကျမ်းကို အလျင်အမြန်ပြီးမြောက်စေရန်အလို့ငှာ တိုက်ရိုက်ဘာသာပြန်၍ပြုစုရန်စီစဉ်ခဲ့၏။ သို့သော် စွယ်စုံကျမ်း မူပိုင်ရှင်တို့နှင့်စကား ကမ်းလှမ်းရာတွင် အကြောင်းမညီညွတ် သဖြင့် ပြည်ထောင်စု မြန်မာ နိုင်ငံတော်နှင့် ဆီလျော်အောင် မြန်မာ့စွယ်စုံကျမ်းကို ပြုစုရန် ၁၉၄၉ ခုနှစ် ဖေဖွာရီလတွင် အသင်းက ဆုံးဖြတ်ချက် ချမှတ်လေသည်။ ဤစွယ်စုံကျမ်းတွင် မြန်မာနိုင်ငံနှင့်ဆိုင်သောအကြောင်းရပ်တို့ကို အထူးအရေးထား၍ ပြည့်ပြည့်ဝဝ ထည့်သွင်းပေးရန်

စာပေဗိမာန်၏ ရှေးဦးထုတ် ရုပ်ပြ မြန်မာ့စွယ်စုံကျမ်း






www.burmeseclassic.com

www.burmeseclassic.com






**၁၉၅၅ ခု အောက်တိုဘာလ ၈ ရက်နေ့မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ (ဂရင်းနစ်စံတော်ချိန် နံနက် ၃ နာရီ) တွင် ဖြစ်ပေါ်နေသောလေမုန်တိုင်းပုံ**

မုန်တိုင်း၏ဗဟိုသည် ပုသိမ်၏အနောက်တောင်ဘက် မိုင် ၂၀၀ ကျော်ပင်လယ်ပြင်တွင်ရှိသည်။ ထိုမုန်တိုင်းသည် ၁၉၅၅ ခု အောက်တိုဘာလ ၅ ရက်နေ့ခန့်က ပို့ဗလဲယား၏တောင်ဘက်နားတွင်ဗဟိုပြု၍ စပျိုးခဲ့ရာ၊ တဖြည်းဖြည်းပြင်းထန်လာလျက်၊ မြောက်စူးစူးသို့ ဦးတည်ရွေ့လာခဲ့၏။ ထို့နောက် ၉ ရက်နေ့တွင် ကိုးကိုးကျွန်းနားသို့ကပ်၍ အနောက်မြောက်ဖက်သို့ကွေ့သွားပြီးနောက် ၁၁ ရက်နေ့နံနက်တွင် အိန္ဒိယကမ်းခြေ ကပ်တက်မြို့ တောင်ဘက်နားသို့ရောက်၏။ နောက်တနေ့တွင် ကမ်းခြေသို့ဖြတ်ကျော်ကာ ကွယ်ပျောက်ချုပ်ငြိမ်းသွား၏။ ထိုမုန်တိုင်း၏အရှိန်ကြောင့် မြန်မာပြည်တလွှားလုံးတွင် မိုးအနည်းအပြားသည်းထန်စွာရွာခဲ့၏။ မြန်မာပြည်ကမ်းရိုးတန်းတွင် လေသည်ရံဖန်ရံခါ တနာရီလျှင် မိုင် ၃၀ ကျော်ခန့် တိုက်ခတ်ခဲ့၏။ ဗဟိုနှင့်မိုင် ၁၀၀ ခန့်ဒေသအတွင်းရှိသင်္ဘောများ၏တိုင်းထွာချက်အရ၊ ဗဟိုမှမိုင် ၁၀၀ ပတ်လည်တွင် တနာရီမိုင် ၃၀ ခန့်လေတိုက်ရာကြောင်းသိရ၏။ ထို့ကြောင့်ဗဟိုနားတွင် လေသည် တနာရီလျှင် မိုင် ၅၀ ကျော် ၆၀ ခန့် တိုက်နေမည်ဟုခန့်မှန်းနိုင်၏။

မြားတံရှည်ဖြင့်ပြထားသည် မုန်တိုင်းရွေ့လျားသွားရာအရပ်ကို ညွှန်ပြသည်။ ⌈ F ⊧ သင်္ကေတများမှာ လေတိုက်ရာအရပ်ကိုပြ၍အမြီးတွင် အတံရှည်တခုပါရှိက တနာရီလျှင် ၁၀ မိုင်နှုန်းခန့်၊ အတံတိုတခုပါရှိက တနာရီလျှင် ၅ မိုင်နှုန်းခန့်လေတိုက်ကြောင်း ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဆွစ်အမျိုးသားပြတိုက်၌ အဖိုးတန်ရှေးဟောင်းပစ္စည်းများရှိ၍၊ ဇူးရစ်မြို့စာကြည့်တိုက်မှာ ဆွစ်ဇာလန်ပြည်တွင် အကြီးဆုံးဖြစ်သည်။ ၁၈၃၃ ခုနှစ်တွင် တည်ထောင်ခဲ့သော ဇူးရစ်တက္ကသိုလ်သည် ဂျာမန်စကားပြောသောဆွစ်လူမျိုးတို့အဖို့ ပညာရှာမှီးရာ ဗဟိုဌာနကြီးဖြစ်ပေသည်။

**ဇူးလူးလူမျိုး။** ။ဇူးလူးလူမျိုးတို့သည် တောင်အာဖရိကတိုက်ရှိ ဇူးလူးလန်းနယ်၌နေထိုင်ကြသော လူမျိုးများဖြစ်သည်။ ယင်းတို့သည် ဗန်တူအနွယ်ဝင် ကပ္ပလီများဖြစ်ကြ၏။ အရပ်ရှည်၍ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ သူတို့သည် ရွာငယ်များတည်၍ နေထိုင်ကြရာ၊ ရွာတရွာတွင် သူကြီးတယောက်စီရှိ၏။ ထိုရွာသူကြီးမှာ တောင်အာဖရိက ပြည်ထောင်စုအစိုးရအား တာဝန်ခံရသူဖြစ်သည်။ ဇူးလူးလူမျိုးတို့သည် တဲကလေးများဖြင့် နေထိုင်ကြ၏။ သူတို့၏တဲမှာ ပျားအုံသဏ္ဌာန်ရှိ၍၊ သူတို့ကိုယ်တိုင် သက်ငယ်၊ ဝါး၊ သစ်ကိုင်းခြောက်စသည်တို့ဖြင့် ဆောက်လုပ်နေထိုင်ကြ၏။ ထိုတဲစုဖြင့်တည်ထားသော ရွာဝိုင်းကလေးများကို ကရားဟုခေါ်သည်။ တဲဝင်ပေါက်မှာ အလွန်ပင်နိမ့်သဖြင့် ကုန်း၍ဝင်ရသည်။ ဇူးလူးလူမျိုးတို့သည် သူတို့၏ကျွဲနွားတိရစ္ဆာန်များကို ထိုကရားခေါ်



ဇူးလူးတဲအိမ်အတွင်းခန်းနှင့်လုံမပျို



ဗုံတီးနေသည့် ဇူးလူးအမျိုးသားတဦး

တဲစုရွာထဲ၌ပင်ထားကြ၏။ လယ်ယာ စိုက်ပျိုးခြင်းနှင့် ကျွဲနွားမွေးမြူခြင်းမှာ ဇူးလူးလူမျိုးတို့၏ အဓိကလုပ်ငန်းဖြစ်သည်။

ဇူးလူးတို့သည် ခေါင်းဆောင် 'ချာက' ၏ကြိုးပမ်းမှုကြောင့် ၁၉ ရာစုခေတ်ဦးလောက်ကစ၍ တောင်အာဖရိကတိုက် ဇန်ဇီဗါနှင့် ဂွတ်ဒဟုပ်အငူတွင် တန်ခိုးကြီးမားလာကြလေသည်။ ၁၈၇၉ ခုနှစ်တွင် ဥလန်ဒီနယ်၌ ဇူးလူးဘုရင် 'စက်တီဝေးယို' ခေါင်းဆောင်၍ ဗြိတိသျှတို့နှင့်တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် အရေးနိမ့်သဖြင့် ၁၈၈၇ ခုနှစ်တွင် ဗြိတိသျှတို့က ဇူးလူးလန်းကိုသိမ်းပိုက်လိုက်လေသည်။ ၁၀ နှစ်မျှ ကြာသောအခါ၊ ထိုနယ်သည် ဗြိတိသျှကိုလိုနီဖြစ်သော နာတဲနယ်တွင် တစိတ်တဒေသ ပါဝင်လာလေ၏။ (နာတဲပြည်နယ် — ရှု။) ၁၉၀၆ ခုနှစ်တွင် ဇူးလူးတို့သည် ဥရောပလူဖြူများကို ခုခံပုန်ကန်ကြပြန်၏။ သို့သော်လည်း မအောင်မြင်ချေ။ ထိုအချိန်မှစ၍ ဇူးလူးတို့သည် ငြိမ်ဝပ်ပိပြားစွာနေထိုင်ကြလေသည်။ ဇူး လူး လူ မျိုး များ ၏ နောက်ဆုံးဘုရင်မှာ စက်တီဝေးယို၏မြေးဖြစ်၍၊ ၁၉၃၉ ခုနှစ်ကစ၍ ဘုရင်အဖြစ်စိုးစံခဲ့သူဖြစ်သည်။

**ဇူးလူးလန်းနယ်။** ။ဇူးလူးလန်း နယ်သည် တောင်အာဖရိကတိုက် ပြည်ထောင်စုတွင်ပါဝင်သော နာတဲပြည်နယ်၏ အရှေ့မြောက်ပိုင်း ကမ်းမြောင်ဒေသဖြစ်သည်။ ထိုကမ်းမြောင်ဒေသ၏ အရှေ့ဖက်နှင့် တောင်ဖက် ကမ်းရိုးတန်းတို့သည် အိန္ဒိယသမုဒ္ဒရာရေပြင်နှင့် ဆက်စပ်လျက်တည်နေသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၀,၉၆၂ မိုင်ဖြစ်၏။ လေဗောင်းဗိုးတောင်တန်းကြီးသည် တောင်နှင့်မြောက်တန်းက ဇူးလူးလန်းနယ်ကို ၂ ပိုင်း ပိုင်းလျက်

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတို့၏ ရပိုင်ခွင့်နှင့် လွတ်လပ်မှုကို ကာကွယ်ပေးသည်။ လူဘောင်သစ်မှ ပြည်သူ အချင်းချင်း၏ ဆက်ဆံရေးကို တရားမျှတစွာ စွမ်းဆောင်ပေးသည်။ ဆိုရှယ်လစ် စီပွားရေး စံနစ်က လူမှု ရပိုင်ခွင့်များအတွက် အခြေအနေများကို တီထွင် ပေးပြီးလျှင် ဥပဒေသစ်များက ဥပဒေအရ ယင်းတို့ကို ခိုင်မြဲအောင် ပြုလုပ်ပေးရပေသည်။ လုပ်သား ပြည်သူ အာဏာကို ကိုယ်စားပြုသော နိုင်ငံတနိုင်ငံကို အခြေခံအား ဖြင့် သစ်လွင်သော ဥပဒေများ မရေးဆွဲ မပြဋ္ဌာန်းဘဲ တည် ဆောက်၍ ရနိုင်မည် မဟုတ်ပေ။

ထို့ကြောင့်လည်း ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေး ကောင်စီသည် မြန်မာနိုင်ငံ၏ ပျက်စီးယိုယွင်း နေသော အခြေအနေကို ထိန်းသိမ်း၍ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ ဆိုရှယ်လစ် စံနစ်ကို တည်ဆောက်ခဲ့ရာတွင် တရားစီရင်ရေး စံနစ်ကိုလည်း လုပ်သား ပြည်သူတို့ အကျိုး ကို ကာကွယ် စောင့်ရှောက်သော တရားစီရင်ရေးစံနစ်ဖြစ် အောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ခေတ်နှင့်မလျော် ကန်တော့သော တရားဥပဒေများကို တည်ဆောက်လျက် ရှိသောစံနစ်နှင့် လျော်ကန်ကိုက်ညီအောင် ပြင်ဆင် ကျင့် သုံးလျက် ရှိသည်။ တရားစီရင်ရေးတွင် အမှန်ဆုံးနှင့် အမြန် ဆုံး ဖြစ်ရေးကို မူတရပ်အနေနှင့် ချမှတ် ကျင့်သုံးလျက် ရှိသည်။

အတတ်နိုင်ဆုံး၊ အမှန်ဆုံးတရားစီရင်ရေး ဖြစ်မြောက်စေ ရန် အမှုကို တဦးတည်းက စဉ်းစား ဆုံးဖြတ်ခြင်းမပြုဘဲ ခုံရုံး အဖွဲ့ဝင်များက စုပေါင်း စဉ်းစားဆုံးဖြတ်ခြင်း (ဝါ) ပြည်သူ များ ပါဝင်၍ ညှိနှိုင်း စဉ်းစားဆုံးဖြတ်ခြင်းတို့ကို ကျင့်သုံးခဲ့ လေသည်။ ယင်းသို့ဖြင့် မြေယာကော်မီတီများ၊ အလုပ် သမား ဆပ်ကော်မီတီများ၊ အထူး ရာဇဝတ်တရားရုံးများ ဖွဲ့စည်း၍ တောင်သူ လယ်သမားများ၏ မှုခင်းများ၊ အလုပ် သမား အလုပ်ရှင် ပဋိပက္ခမှုခင်းများ၊ ရာဇဝတ် ပြစ်မှုများကို စစ်ဆေး စီရင်လေသည်။

ပြည်သူ ကိုယ်စားလှယ်များအား ပြည်သူတို့၏ တရား စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းသည့်အနေဖြင့် တရားစီရင် ရေး အဖွဲ့များတွင် ဖြစ်နိုင်သည့်အခြေအနေများ၌ လုပ်သား ပြည်သူ ကိုယ်စားလှယ်များသာ ပါဝင် ညှိနှိုင်းဆုံးဖြတ်စေ ခဲ့သည်မှာ တော်လှန်ရေးအစိုးရ တရားစီရင်ရေး၏ ထူးခြား ချက်တရပ် ဖြစ်သည်။ ယင်းမှာ ဆိုရှယ်လစ် ဒီမိုကရေစီ အသွင်လက္ခဏာ ဆောင်သော တရားစီရင်ရေးဖြစ်ပေသည်။ တရားဥပဒေပညာရပ်နှင့် ပြည်သူတို့၏ အတွေ့အကြုံပညာ ဗဟုသုတကို ပေါင်းစပ်သော တရားစီရင်ရေးဖြစ်ပေသည်။

နိုင်ငံတော် တရားရုံးချုပ်မှလည်း မူသစ်စံနစ်သစ်နှင့်ကိုက် ညီစေရန် အတွက် တရားရုံးများသို့ ညွှန်ကြားလွှာများ ထုတ်ပေးခြင်းဖြင့်၎င်း၊ စီရင်ထုံးများ ချမှတ်၍၎င်း ပြည်သူ တို့ ယုံကြည်ကိုးစားနိုင်သော တရားစီရင်ရေး ဖြစ်ထွန်းရေး၊ တရားစီရင်ရေးအာဏာမှာ အများအကျိုးနှင့် အမှန်ဖြစ်ရန် ပြည်သူတို့က ယုံကြည်အပ်နှံထားသော အာဏာ ဖြစ်သည် ဟု မပြတ် သတိချပ်ရေး၊ တရားစီရင်ရေး နယ်ပယ်မှ ပုဂ္ဂိုလ် များနှင့် ပူးပေါင်းညှိနှိုင်းပြီးလျှင် ကိုယ့်တာဝန်ကို ကိုယ်ယူ၍ ဆောင်ရွက်ရမည့်အခန်း၌ တာဝန်သိသိ ကြေကြေ ထမ်း ဆောင်ရေးအတွက် အခါမလပ် ဆော်ဩနှိုးဆော်ပေးလျက် ရှိသည်။

တရား စီရင်ရာတွင် အမြန်ဆုံး တရားစီရင်ရေးသည် အမှန်ဆုံး တရားစီရင်ရေးကို တိုက်ရိုက် အကျိုး ပြုနိုင် သည်။ ထို့ကြောင့် တော်လှန်ရေးအစိုးရ တရားရေးဌာနနှင့် နိုင်ငံတော် တရားရုံးချုပ်တို့က အမှုများကို အမြန်ဆုံး စစ် ဆေးရန် ညွှန်ကြားခဲ့သည်။ နည်းလမ်းများကိုလည်း ရှာဖွေ ခဲ့သည်။ စီရင်ထုံးများ ပြုရာတွင် ဖော်ပြခဲ့သည်။ တော်လှန် ရေး အစိုးရက ပြဋ္ဌာန်းခဲ့သော တရားစီရင်ရေးရုံးများတွင် အမှုများကို အမြန်ဆုံးစစ်ဆေးနိုင်ရေး အတွက် သက်ဆိုင် ရာ တာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိပြီးလျှင် ချွတ်ယွင်း ချက်များကိုလည်း အတတ်နိုင်ဆုံးကြိုးစားပြင်ဆင်လျက် ရှိ သည်။ ဗဟို၌ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အထူး ရာဇဝတ်ရုံးများကို နှောင့်နှေး ကြန့်ကြာခြင်း မရှိဘဲ ဖွဲ့စည်း နိုင်ရန် စီစဉ်ပေးလျက် ရှိခြင်း၊ အထူးရာဇဝတ်ရုံး ဖွဲ့စည်းပုံ တွင် အဖွဲ့ဝင်များ၏ အနေအထား တည်ငြိမ်မှု ရနိုင်သမျှရရှိ ရန် ကြိုးပမ်းခြင်း၊ အတည်ပြု အဖွဲ့တွင် အချိန်ကြာမြင့်ခဲ့ရ သော အမှုများကို လျင်မြန်စွာ စဉ်းစား ဆုံးဖြတ်ရန်အတွက် အဖွဲ့ဝင်များကို တိုး၍ ခန့်အပ်ခြင်း၊ အတည်ပြု အဖွဲ့ဝင်များ အချိန်မှန် စည်းဝေး ဆုံးဖြတ်ခြင်း၊ အယူခံအဖွဲ့ဝင်များ ထပ်မံ တိုး၍ ခန့်အပ်ခြင်း အစရှိသည်ဖြင့် အမှုများကို အတတ်နိုင် ဆုံး လျင်မြန်စွာ စစ်ဆေးနိုင်ရန် ဆောင်ရွက်လျက် ရှိသည်။

**တရားရေးဌာန။** ။တရားရေးရာကိစ္စများကို ပြည်ထောင် စု မြန်မာနိုင်ငံအစိုးရ တရားရေးဌာနက တာဝန်ခံရသည်။

တရားရေး ဌာနသည် နိုင်ငံဖွဲ့စည်းမှုတွင် အုပ်ချုပ်ရေး မဏ္ဍိုင်၏ အစိတ်အပိုင်းတခု ဖြစ်ပြီးလျှင် တရားရေးဌာန တာဝန်ခံ၏ ဦးစီးမှုအောက်၌ တည်ရှိသည်။ တရားရေးဌာန သည် အုပ်ချုပ်မှုဌာနတခု ဖြစ်သော်လည်း အုပ်ချုပ်မှုရေးရာ များကိုသာ စီမံခန့်ခွဲပေးရသည် မဟုတ်ဘဲ၊ အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့၏ စပ်ကြား၌၎င်း၊ အုပ်ချုပ် ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေး မဏ္ဍိုင်တို့၏ စပ်ကြား၌၎င်း ပေါင်းကူးသဖွယ် ဆက်သွယ်ပေးရသည့် တာဝန်ကိုလည်း ဆောင်ရွက်ရလေသည်။

တရားရေး ဌာန၏ ရည်မှန်းချက်များမှာ တော်လှန်ရေး ကောင်စီက မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်အရ တည်ဆောက်

www.burmeseclassic.com



လျက်ရှိသည့် ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို တရားဥပဒေဖြင့် ကာကွယ်ပေးရန်၊ ဆိုရှယ်လစ် လူ့ဘောင်ကို အကျိုးပြုမည့် တရားဥပဒေများ ဖြစ်ထွန်းရေး အဘ္ဘက် ဦးတည်ဆောင်ရွက်ရန်၊ ပြည်သူတို့ ကိုးစားယုံကြည်သည့် ပြည်သူ့တရားစီရင်ရေးစံနစ်ကို တည်ဆောက်ရန်နှင့် ပြစ်မှု ကျူးလွန်သူတို့အား အကျဉ်းစခန်းများနှင့် ရဲဘက်စခန်းများတွင် ပြုပြင်ရေးဆိုင်ရာ မူဝါဒများကို ချပေးရန်တို့ ဖြစ်လေသည်။ ယင်း ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်ရေးအတွက် တရားရေး ဌာနသည် လိုအပ်သော လူအား၊ ငွေအားနှင့် ပစ္စည်းအင်အားတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဖန်တီးပိုင်ခွင့်၊ အသုံးချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်များ ရှိသည်။

တရားရေးဌာန၏ အဓိကလုပ်ငန်းတို့မှာ မူဝါဒ ချမှတ်ခြင်း၊ စီမံကိန်း ရေးဆွဲခြင်း၊ တရားရုံးများနှင့် အကျဉ်းစခန်းများ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများ ဖြည့်တင်းခြင်း၊ ညွှန်ကြားခြင်း၊ကြီးကြပ်ညှိနှိုင်းခြင်း၊ အစီရင်ခံခြင်းနှင့် ရ-သုံး မှန်းခြေငွေစာရင်းများကို အုပ်ချုပ်ခြင်းတို့ ဖြစ်သည်။

တရားရေးဌာနက တာဝန်ခံရသော လုပ်ငန်းများကို တာဝန်ခံဌာနနှင့် ဌာနခွဲများ ဖြစ်ကြသော မြန်မာနိုင်ငံ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဥပဒေ ဘာသာပြန်နှင့် ဥပဒေ ပြင်ဆင်ရေး ဌာနခွဲ၊ အကျဉ်းဌာနခွဲ၊ ရန်ကုန်မြို့ တရားမရုံးနှင့် အမွေနှင့် ပစ္စည်းထိန်းဝန် ဌာနခွဲတို့က အသီးအသီး တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။

ဥပဒေတရပ်ကို ပြဋ္ဌာန်းပြီးသောအခါ ယင်းဥပဒေ၏ ရည်ရွယ်ချက်များ အထမြောက် အောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ဥပဒေပြဋ္ဌာန်းချက်များကိုအကျိုးသက်ရောက်စေခြင်း၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် လိုအပ်သည့်အခါ ဥပဒေကို ပြင်ဆင်ခြင်း အစရှိသော ကိစ္စရပ်များကို အစိုးရဌာနတခုက တာဝန်ခံလျက် ဆောက်ရွက်ရလေသည်။ တရားရေးဌာနသည် မိမိကြီးကြပ် အုပ်ချုပ်ရသော ဥပဒေများအရ တရားရုံးများကို ဖွဲ့စည်း တည်ထောင်ခြင်း၊ တရားရုံးများ၏ စီရင်ပိုင်ခွင့် အာဏာများနှင့် နယ်မြေများကို သတ်မှတ်ခြင်းနှင့် အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ တရားရုံးများ၏ ကျင့်ထုံးများကို ပြဋ္ဌာန်းခြင်း၊ တရားသူကြီးများအား စီရင်ပိုင်ခွင့် အာဏာများ အပ်နှင်းခြင်း၊ ခန့်အပ်ခြင်းနှင့် ပြောင်းရွှေ့ နေရာချထားခြင်းတို့ကို တရားရုံးချုပ်နှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသည်။ တရားစွဲခွင့်ပြုခြင်း၊ အမှုရုပ်သိမ်းခြင်း၊ ရာဇဝတ်အယူခံနှင့် ပြင်ဆင်မှုများ တင်သွင်းခြင်း စသောဥပဒေရေးရာကိစ္စများကို ရှေ့နေချုပ်ရုံး၏အကြံဉာဏ်များ ရယူကာ ဆောင်ရွက်သည်။

ပြစ်ဒဏ်ခံရသူများနှင့် စပ်လျဉ်း၍ အကျဉ်းစခန်းများ ဖွဲ့စည်းရေး၊ အကျဉ်းစခန်းများ၏ စည်းကမ်း ထိန်းသိမ်းရေးနှင့် ကျန်းမာရေး၊ လူငယ် အကျဉ်းသားများအား အကျင့်စာရိတ္တ ပြုပြင်ရေးကျောင်းသို့ ပြောင်းရွှေ့ရေး အစရှိသော ကိစ္စတို့ကို ကြီးကြပ် စီမံခန့်ခွဲရသည်။ အကျဉ်းသားများအပေါ် တရားရုံးများက ချမှတ်ခြင်းခံရသည့် ပြစ်ဒဏ်များကို ဆိုင်းငံ့ခြင်း၊ လျှော့ပေါ့ခြင်း၊ သို့မဟုတ် ပြောင်းလဲ သတ်မှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်သည်။

အစိုးရ ရုံးပိတ်ရက်များနှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေအရ အများပြည်သူ့ အလုပ်ပိတ်ရက်များကိုလည်း တရားရေးဌာနက သတ်မှတ်ကြေညာပေးလေသည်။

**တရားရုံးများ။** ။ပြည်ထောင်စုမြန်မာနိုင်ငံ တဝှန်းလုံး၌ တရား စီရင်ရေး ကိစ္စကို တရားဥပဒေအရ တည်ထောင်ထားသော တရားစီရင်ရေး အဖွဲ့များ၊ တရားရုံးများတွင် တရားဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများနှင့် တရားစီရင်ရေးဆိုင်ရာ ကော်မီတီအဖွဲ့ဝင်များက စီမံ အုပ်ချုပ်လေသည်။

ဆိုရှယ်လစ် သဘောလက္ခဏာနှင့် အညီ တရားရုံး၏သစ္စာသည် လုပ်သား ပြည်သူများ၌ ရပ်တည်ရမည် ဖြစ်သည့်အတိုင်း တရားရုံးများသည် တောင်သူ လယ်သမား အလုပ်သမားတို့အပေါ် အကျိုးပြုသည့် အခြေခံသဘောကို လက်တွေ့အားဖြင့် အသက်သွင်းပေးရန်ဆောင်ရွက်လျက်ရှိသည်။ ယနေ့ တရားရုံးများသည် တိကျမှန်ကန်သော တရားစီရင်မှုမျိုးကို အထူးတရားခုံရုံးများ၊ အယူခံတရားခုံရုံးများ၊ လုပ်သား ပြည်သူတို့၏ ကိုယ်စားလှယ်များ ပါဝင်သော အခြေခံ တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်း တည်ထောင် ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူတို့ အားထားရာ တရားရုံးများအဖြစ် ရောက်ရှိလာလေသည်။

တရားရုံးများသည် ယင်းတို့၏ သုံးပိုင်ခွင့် အာဏာများကို ပြည်သူတို့၏ အကျိုးအတွက် သုံးစွဲရေး၊ နိုင်ငံတော်၏ ရည်မှန်းချက် များကို အထမြောက် အောင်မြင်နိုင်စေရန် အုပ်ချုပ်ရေး စသော နိုင်ငံ၏ အင်အားရပ်ကြီးများနှင့်အတူ ပူးတွဲ၍ တတပ်တအား ပါဝင်ရေး စသည်တို့သည်လည်း ပြောင်းလဲလာသော အတွေးအခေါ် များပင် ဖြစ်သည်။


အမှုန်ဆုံးနှင့်အမြန်ဆုံး စစ်ဆေး စီရင်ရန် တည်ဆဲ ဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်သည့် မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာနိုင်သည့် အထူး ရာဇဝတ်ရုံးများကို ဖွဲ့စည်း ထားသည်။ အထူးရာဇဝတ်ရုံးတွင် အနည်းဆုံး နာယက တဦးနှင့် အဖွဲ့ဝင် နှစ်ဦး ပါဝင်သည်။ ထိုရုံး၏ ဆုံးဖြတ်ချက်များကို စီစစ် ဆုံးဖြတ်ရန် ပုဂ္ဂိုလ်လေးဦး ပါဝင်သော အတည်ပြုအဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။ အထူး ရာဇဝတ်ရုံးမှ စစ်ဆေးကြားနာ စီရင်၍ အတည်ပြုရန်ဖြစ်သော အမှုများကိုလည်း နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသော ကာလ အပိုင်း



www.burmeseclassic.com

www.burmeseclassic.com





ပြည်သူတို့ ယုံကြည်ကိုးစားနိုင်သော တရားစီရင်ရေးဖြစ်စေရန် တရားရုံးများသို့ မပြတ်ဆော်ဩလျက် ရှိသည့် နိုင်ငံတော်တရားရုံးချုပ်

အခြားနှင့် နည်းလမ်းအတိုင်း အယူခံဝင်နိုင်ရန် အတွက် အထူး ရာဇဝတ်ရုံး အယူခံအဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။

ဒေသ ပြည်သူ့တရားရုံးများကို ဖွဲ့စည်းရာတွင် တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှု ကော်မီတီမှ ရွေးချယ်သော ပုဂ္ဂိုလ်တဦး၊ ပြည်သူ့ အလုပ်သမားကောင်စီ ကိုယ်စားလှယ်နှစ်ဦး၊ ပြည်သူ့ တောင်သူ လယ်သမားကောင်စီ ကိုယ်စားလှယ်နှစ်ဦးတို့ ပါဝင်သည်။ ပြည်သူ့ အလုပ်သမား ကောင်စီနှင့် ပြည်သူ့ တောင်သူ လယ်သမား ကောင်စီများ မဖွဲ့မစည်းရသေးမီ ကာလအတွင်း သက်ဆိုင်ရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ယူနစ်ကိုယ်စားလှယ်များကို ရွေးချယ် ပေးရမည် ဖြစ်သည်။

တောင်သူ လယ်သမားများ၏ မြေယာမှုခင်းများကို စစ်ဆေးဆုံးဖြတ် ဖြေရှင်းနိုင်စေရန် ကျေးရွာ မြေယာ ကော်မီတီ၊ မြို့နယ် မြေယာ ကော်မီတီ၊ တိုင်း မြေယာ ကော်မီတီ၊ ဗဟို မြေယာ ကော်မီတီစသော မြေယာကော်မီတီ အဆင့်ဆင့်ကို ဖွဲ့စည်းထားပေးသည်။ မြေယာနှင့် စပ်လျဉ်းသော အမှု အခင်းများကို ယင်းသို့လျှင် အဆင့်ဆင့်တက်၍ အယူခံဝင်နိုင်သည်။ မြေယာကော်မီတီများတွင် ၈၀ ၂၀ အောက် လုပ်ကိုင်သည့် တောင်သူလယ်သမားများသာ ပါဝင်ဆောင်ရွက်ရသည်။

အလုပ်သမားအလုပ်ရှင် ပဋိပက္ခအမှုအခင်းများ စစ်ဆေးစီရင်ရန် သဘာပတိတဦးနှင့် အဖွဲ့ဝင် နှစ်ဦးကျစီ ပါဝင်သော အလုပ်သမား ဆပ်ကော်မီတီများ ဖွဲ့စည်း ဆောင်ရွက်သည်။

ယင်းဆပ်ကော်မီတီ အတွင်းရေးမှူးသည် အလုပ်သမားဌာန လက်အောက်ခံ ရုံးများမှ အမှုထမ်းတဦးဦး ဖြစ်ရသည်။ ကျန် ကော်မီတီများမှာ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများရှိ အလုပ်သမားကြီးများထဲမှ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ကို လက်ခံ သက်ဝင်ယုံကြည်သူ၊ ရိုးသား ဖြောင့်မတ်၍ အလုပ်သမားထု၏ ယုံကြည် အားကိုးမှုနှင့် ပြည့်ဝပြီးလျှင် သမာသမတ် ရှိသူ၊ အလုပ်သမားရေးရာတွင် ကျွမ်းကျင်သူတို့ကို ရွေးချယ်ထည့်သွင်းလေသည်။

တရား စီရင်ရေး အဖွဲ့များတွင် ဖြစ်နိုင်သည့် အခြေအနေများ၌ လုပ်သားပြည်သူများ၏ ကိုယ်စားလှယ်များ ပါဝင်

www.burmeseclassic.com



ညှိနှိုင်းဆုံးဖြတ်စေခြင်းမှာ ပြည်သူ့ရေးရာများတွင်ပြည်သူတို့ကပင် ပါဝင် စီမံခန့်ခွဲစေခြင်း ဖြစ်၏။ တရားစီရင်ရာ၌ တရားဥပဒေ ပညာရပ်နှင့် ပြည်သူတို့၏ အတွေ့အကြုံ ဗဟုသုတကို ပေါင်းစပ်ပေးထားခြင်း ဖြစ်သည်။ ဤသို့ ညှိနှိုင်း စီရင်ဆုံးဖြတ်ခြင်းဖြင့် တရား စီရင်ရာတွင် အမှန်ဆုံး ဖြစ်အောင် ဆောင်ရွက်လေသည်။

တရားရုံးများ ဖွဲ့စည်းပုံကို ပြုပြင် ထားရုံသာ မက ကျင့်ထုံး လုပ်နည်း လုပ်ဟန်ကိုပါ ပြင်ဆင်ရာတွင် တရားခွင်၏ အထား အသို၊ ပုံသဏ္ဌာန်မှစ၍ ပြုပြင်ခဲ့လေသည်။ စွပ်စွဲခံရသူ၏ ဂုဏ်သိက္ခာ မညှိုးငယ်စေရန်လည်း ထိုသူအား လက်ထိပ် မခတ်ဘဲ၊ ရုံးရှေ့တွင် ပြောလိုရာ လွတ်လပ်စွာ ပြောဆို စေသည်။ ရှေးယခင်ကကဲ့သို့ ဆိုးရွားစက်ဆုပ်ဖွယ်ရာသော ကျိန်စာအမျိုးမျိုး ပါဝင်သည့် ကျမ်းကို မကိုင်ရဘဲ အမှန်ကို ပြောဆိုပါမည်ဟူသော ကတိသစ္စာသာပြုစေသည်။

လက်ရှိ တရားစီရင်ရေး စံနစ်တွင် ပြစ်ဒဏ်သတ်မှတ်ရာ၌ ပြစ်ဒဏ်ခံရသူများအား ဘဝအညွန့်တုံးစေရန်၊ နွံထဲတွင် နစ်သည်ထက်နစ်သွားစေရန် မဟုတ်ဘဲ၊ပြစ်မှုကျူးလွန်သူကို ပြုပြင် ပညာပေးရေး၊ လူကောင်းတယောက်အဖြစ် ဘဝသစ်ထူထောင်နိုင်ရန် ကူညီရေးကို မူဝါဒတရပ်အဖြစ်ကျင့်သုံးလျက် ရှိပေသည်။ ထိုပြင် အခြားလူများ တာဝန်မဲ့ ရာဇဝတ်မှုများ မကျူးလွန်စေရန်သတိပေးခြင်း ဟန့်တားခြင်းလည်း ဖြစ်ပေသည်။

တရားရုံးများသည် တဖက်၌လည်း ပြစ်ဒဏ် သတ်မှတ်ရာ၌ ပြည်သူတို့အား တိုင်းပြည်ကို သစ္စာစောင့်သိရေး၊ ပြည်သူ့အကျိုးပြု ဥပဒေများကို လိုက်နာ ကျင့်သုံးရေး၊ အများပိုင်ပစ္စည်းများကို မိမိကိုယ်ပိုင် ပစ္စည်းကဲ့သို့ ထိန်းသိမ်း စောင့်ရှောက်ရေး၊ အလုပ်ခွင် စည်းကမ်းများကို လိုက်နာရေး၊ ပြည်သူတို့၏ ရပိုင်ခွင့် ပြည်သူအချင်းချင်း ဆက်ဆံမှုစည်းကမ်းများကို လေးစားရေး အစရှိသည့် အတွေးအခေါ် များပြောင်းလဲလာရန်ကိုလည်းဇောက်ချပြုလုပ်လျက်ရှိပေသည်။

တိုင်းပြည်တွင် လူ့ဘောင်သစ်တရပ်ကို တည်ထောင်နေချိန်၌ လုပ်အား အမြောက် အများ လိုအပ်၏။ ထိုကြောင့် ထောင်ဒဏ် တနှစ်အထက် ပြစ်ဒဏ်ကျ ခံနေရသူများအား ပြည်သူ့ အကျိုးပြု တပ်ဖွဲ့များ ဖွဲ့စည်းလျက် တိုင်းပြည် တည်ဆောက်ရေး လုပ်ငန်းများတွင် တတပ်တအားပါဝင်စေလျက် ရှိ၏။ ဤလုပ်ငန်းများမှာ ယခု အခါတွင် အထူးအောင်မြင်လျက် ရှိပေသည်။ ပြစ်ဒဏ် ကျခံရသူမှာလည်း မိမိတို့ လုပ်အားအတွက် ထိုက်သင့်သော အခကြေးငွေများကို ရရှိနေပေသည်။

ပြစ်ဒဏ် သတ်မှတ်ရေးနှင့်စပ်လျဉ်း၍ ၁၉၆၇ ခုနှစ်၊ မေလ ၁၃ ရက်နေ့ မတိုင်မီကအထိတရားခံတဦးသည် ရာဇဝတ်ပြစ်မှုတခုခုကြောင့် ဖမ်းစီးခြင်း ခံရပြီးနောက် စီရင်ချက်ချမှတ်သည့် နေ့အထိ အချုပ်ခံရသည့် ရက်များကို နုတ်ယူခဲ့ခြင်း မရှိပေ။ သို့သော် ၁၉၆၇ ခုနှစ် မေလ ၁၃ ရက်နေ့မှစ၍ တရားခံတဦးအားပြစ်ဒဏ်သတ်မှတ်ရာတွင် ယင်းတရားခံသည် ထိုပြစ်မှုနှင့် စပ်လျဉ်း၍ အချုပ်နှင့် နေခဲ့ရလျှင် ထိုအချုပ်ကာလကို ထောင်ဒဏ်မှ ထုတ်နုတ်ရန် နိုင်ငံတော်တရားရုံးချုပ် စုံညီခုံရုံးမှ ဆုံးဖြတ်ညွှန်ကြားခဲ့ပေသည်။

**တရော်ပင်**။ ။ရုက္ခဗေဒအလိုအားဖြင့် တရော်ပင်မျိုး၌ မျိုးကွဲများစွာရှိသည်။ ယင်းတို့အနက် 'ဂရူးဝီးယားအေရှားတစ်ကား' ကို ကြက်တရော်ဟူ၍၎င်း၊ ကွက်တရော်ဟူ၍၎င်း၊ 'ဂရူးဝီးယား အီလာတိုစတီမိုက်ဒီ' ကို



တရော်ပင်၏ အခက်အရွက်နှင့် အဖူးအပွင့်များ

ပင်တရော်ဟူ၍၎င်း ခေါ်ကြသည်။ ယင်းတို့ကို မြန်မာနိုင်ငံနေရာအနှံ့အပြား၌ တွေ့ရသည်။ တရော်ခေါက်များမှ ချွဲကျိသော အရည်ထွက်သည်။ အထူးအားဖြင့် တရော်ခေါက်ကို ထုပြီးနောက် ရေတွင်စိမ်၍ ခေါင်းလျှော်ရသည်။ ခေါင်းလျှော်ရည်လုပ်ရာ၌ တရော်ခေါက်ကို ကင်ပွန်းသီးနှင့်ရောစပ်၍ လုပ်လေ့ရှိကြသည်။ သကြားချေးချွတ်ရာ၌လည်း တရော်ခေါက်ကို အသုံးပြုတတ်ကြသည်။ တရော်ပင်မျိုးသည် ဆေးဖက်ဝင်၏။ အချို့အပင်မျိုးမှ အခေါက်ကို အယားဖြေဆေးအဖြစ်ဖြင့် အသုံးပြုကြသည်။ အချို့အပင်မျိုး၌ အသီးသည် ချဉ်သောသတ္တိရှိသည်။ အချို့၌ကား အရွက်သည် အရေပြားရောဂါအတွက် ကောင်း၏။

www.burmeseclassic.com



| | |
|---|---|
| ဗိုဗီဒေး | Bovidae |
| ဗိုလပူ | Bolpur |
| 'ဗိုလ်ရှာယာ ဆိုဗီယက်စကာယာ အင်စိုင်ကလိုပီးဒီးယား' | 'Bolshaya Sovietskaya Entsiklopediya' |
| ဗိုး ဝီးဗဲ | Boll Weevil |
| ဗက်ကျူယမ် ကျူ | Vacuum tube |
| ဗက်ဆာရေးဗျ | Bassarabia |
| ဗက်ဒဲလီယိုက် | Baddeleyite |
| ဗာခ် | Bach |
| ဗင်နယ်လင်နီး | Vanellinae |
| ဗင်းဆင့် | Vincent |
| ဗင်းနက် | Bennett |
| ဗိုင်ဗော့ဗန်တင်း ဗာမင်နိကပ် | 'Bibos banteng birmanicus' |
| ဗိုင်ယာ, ယိုဟန် | Weyer, Johann |
| ဗိုင်ယာ ဆလဲရီးယား | Via salaria |
| ဗောင်းရေး | Bowrey |
| ဗတ်, လန္နီ | Budd, Lanny |
| ဗန် နိကပ် | Van Nickirk |
| ဗန်း | Berne |
| ဗမ်ဗူးဆား တာလဒါ | Bambusa tulda |
| ဗမ်ဗူးဆား ဗီလိုဆူလာ | Bambusa villosula |
| ဗမ်ဗူးဆား လောင်ဂျီစပီကျူလေးတား | Bambusa longispiculata |
| ဗျီလျင်းစကီး | Belinsky |
| ဗျူတိရစ် အယ်လဒီဟိုက် | Butyric aldehyde |
| ဗြိတိသျှ ဆိုမာလီလန် | British Somaliland |
| ဗွိုင်း, အယ်လစ်ဇဗက် | Boyle, Elizabeth |
| ဗင်ဇိုလင် | Benzoline |
| ဘူတန် | Bhutan |
| ဘင်း | Bhang |
| မဇာ | Mazar |
| မာ့စ | Maas |
| မာဂျရင်း | Margarine |
| မာတွာ်လင် | Ma-Twa-Lin |
| မာရူနိုဥချိ | Marunouchi |
| မာလမို | Malmo |
| မာလျင်ကော့ | Malenkov |
| မာဒိယွန်း, ဗစ်တာ | Mahillon, Victor |
| မားဗု | Marburgh |
| မားရစ်ဆာ | Maritsa |
| မိလိဗား | Millibar |
| မိတိုးဆစ် | Mitosis |
| မိလိယေစီအီး | Meliaceae |
| မိဟိုင်းလိုဗစ် | Mikhailovich |
| မီးဒီးယား | Media |
| မီးယားရှမ်း | Meerschaum |
| မေဒန်း | Medan |
